# CBCM Herald

စီဘီစီအမ် သတင်းဂျာနယ်

cbcmosc@gmail.com

၀၉၅ ၁ ၅၂၅၀၈

(၁)ရက်၊ ဖေဖော်ဝါရီလ၊ ၂၀၁၇ ခုနှစ်။

အတွဲ(၂)၊ အမှတ်(၃)


## မြန်မာနိုင်ငံ ကက်သလစ်သာသနာတော်၏ သတင်းဂျာနယ်



ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏
ဂုဏ်ပြုသဝဏ်လွှာ ..စာ(၃)



နိုင်ငံတော်ခေါင်းဆောင်များနှင့်တွေ့ဆုံ. . . .စာ (၁၀)




စာ (၁၇)

စာ (၁၁)

Call for Global Ecological Conversion

AMOR XVII




ခေါ်တော်မူခြင်းနေ့ကျင်းပ . . .စာ (၁၃)



ကက်သလစ်ဆရာတော်ကြီးများ၏ အစည်းအဝေး . .စာ (၄)



ကမ္ဘာအရပ်ရပ်သို့သွား၍ဧဝံဂေလိတရားတော်ကိုဟောပြောကြလော့။
(မာကု ၁၆း၁၅)




**CBCM Herald (သတင်း)**

**နာယက**
ဆရာတော်ပီတာလွီစ်ကျာခူ

**အယ်ဒီတာချုပ်နှင့်ထုတ်ဝေသူ**
ဖာသာရ် လီအို နိန်းခန့်မန်

**ထုတ်ဝေခွင့်အမှတ်**
၀၁၇၂၅

**အယ်ဒီတာအဖွဲ့ဝင်များ**
ဖာသာရ် ဂျိမ်းဘရန်ဂျာ
ဖာသာရ်စောလောရင်းစ်
ဖာသာရ်ဝီလျံစိုး
ဖာသာရ် ဩဂုတ်စတင်းရွှေ
ဖာသာရ် ဘရန်မိုင်

**ဖြန့်ချိရေးတာဝန်ခံများ**
အာနားလွန်း
သာသနာ(၁၆)ခုနှင့် သူတော်စင်ဂိုဏ်းများမှ
လူထုဆက်သွယ်ရေးတာဝန်ခံများ

**ဒီဇိုင်းဖွဲ့စည်းပုံ**
စစ္စတာရ်ဒေါမိနစ်ဖန်၊ ရှိစ့်မေရီ

**ပုံနှိပ်တိုက်**
စိန်ဖေးဗီးယားပုံနှိပ်တိုက် (၀၀၂၆၂)
အမှတ်(၂၇)ဖဆပလရပ်ကွက်၊ ဂျိုးဖြူလမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

**CBCM Herald သတင်းစာရုံးခန်း**
မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများကျောင်း
လူထုဆက်သွယ်ရေးရုံးခန်း
၂၉၂(က)၊ ပြည်လမ်း၊ စမ်းချောင်း၊ ရန်ကုန်
ဖုန်း ၀၁ ၅၂၅၈၀၈
cbcmosc@gmail.com

**အတိုင်ပင်ခံများ**
CBCM အထွေထွေအတွင်းရေးမှူး၊
ငြိမ်းချမ်းရေးနှင့် တရားမျှတရေးကော်မရှင်၊
ကက်သလစ်ရှေ့နေများအဖွဲ့။

**ငွေလွှဲရန်**
ရိုးမဘဏ်နှင့် ကမ္ဘောဇဘဏ် မြေနီကုန်း၊ ရန်ကုန်။
နော်မြတ်နှင်းထွေး (၁၄/ဟသတ(နိုင်)၂၄၆၀၉၅
ဖုန်း ၅၂၅၈၀၈

## ဇန်နဝါရီလအတွက်ရဟန်းမင်းကြီး၏ ဆုတောင်းရန် ရည်ရွယ်ချက်

ခရစ်ယာန်များတစ်လုံးတစ်ဝတည်းဖြစ်စေရန်
အသင်းတော်နှင့်ပြန်လည်ပေါင်းစည်းနိုင်ရန်နှင့်လူသားထုတစ်ရပ်လုံးရင်ဆိုင်တွေ့ကြုံနေရသော စိန်ခေါ်မှုများကို အတူတကွရင်ဆိုင်ဖြေရှင်းနိုင်ကာ ခရစ်ယာန်များအားလုံးတို့သည် ဆုတောင်းခြင်း နှင့် ညီအစ်ကိုရင်းချာ စိတ်ဓါတ်များဖြင့် သခင်ခရစ်တော်၏ သွန်သင်ချက်များကို သစ္စာရှိရှိ ရှင်သန်နေထိုင်နိုင်ကာ ခရစ်တီယာန်များ တစ်လုံးတစ်ဝတည်းဖြစ်စေရန် ။

## မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်နှင့်မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ ပူးတွဲကြေငြာချက်

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၁၄) ရက်

က။ မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ် ဆရာတော်များ နှင့်မြန်မာနိုင်ငံခရစ်ယာန်များအသင်းတော်များကောင်စီဥက္ကဋ္ဌနှင့်တာဝန်ရှိခေါင်းဆောင်များ နှစ်စဉ်ပြုလုပ်သော ပူးတွဲတွေ့ဆုံဆွေးနွေးပွဲအစီအစဉ် တစ်ရပ်ကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၁၃) ရက် (သောကြာနေ့) တွင်ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်း မြို့နယ်၊ အမှတ် (၂၉၂၊က)ပြည်လမ်းရှိကက်သလစ်ဆရာတော်ကြီးများကျောင်းတိုက်တွင် ကျင်းပခဲ့ပါသည်။ တွေ့ဆုံဆွေးနွေးပွဲတွင်ဘုရားသခင်၏နှုတ်ကပါတ်တော်ကိုအခြေခံသည့်နှစ်ဖက်သော ဥက္ကဋ္ဌများ၏ တိုက်တွန်းအားပေးမှုများ၊ လမ်းညွှန်မှုများကိုဖော်ပြခဲ့ကြပြီး တိုင်းရင်းသားပြည်သူများ ပြန်လည် သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးအကြောင်းကိုအဓိကထားဆွေးနွေးတိုင်ပင်ခဲ့ကြပါသည်။

ခ။ သခင်ခရစ်တော်ယေရှု၌ ဆုတောင်းပဌနာပြုခြင်းသည်ပြုပြင်ပြောင်းလဲခြင်း၏ တန်ခိုးစွမ်းအားဖြစ်ကြောင်း ယုံကြည်ပါသဖြင့် ၂၀၁၇ ခုနှစ်ကို "ပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးအတွက်ဆုတောင်းရာနှစ်" အဖြစ်တစ်နိုင်ငံလုံးရှိခရစ်ယာန်ဘာသာဝင်များ၊ နိုင်ငံသူနိုင်ငံသားများအားလုံး မိမိတို့ကိုးကွယ်ရာဘာသာအလိုက်အစာရှောင်မြိုးခံခြင်း၊ နှိမ့်ချခြင်းအားဖြင့်မေတ္တာပို့ဆုတောင်းကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဂ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ရခိုင်ပြည်နယ်နှင့် နေရာဒေသအချို့တွင်ဖြစ်နေလျှက်ရှိသောလက်နက်ကိုင်တိုက်ခိုက်မှုများနှင့်အကြမ်းဖက်မှုများသည်တည်ဆောက်လျှက်ရှိသောဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုနိုင်ငံတော်၏ ဦးတည်လမ်းစဉ်ကို အဟန့်အတားဖြစ်စေသည်သာမကအပြစ်မဲ့ပြည်သူများနှင့်ကလေးသူငယ်များကို အတိဒုက္ခရောက်စေသည်ဖြစ်သောကြောင့် အပြင်းအထန်ကန့်ကွက်ရှုတ်ချပါကြောင်းဖော်ပြအပ်ပါသည်။ ထို့ကြောင့်လက်နက်ကိုင်တိုက်ခိုက်မှုများနှင့်အကြမ်းဖက်လုပ်ရပ်များတွင်အမိန့်ပေးလမ်းညွှန်သူများ၊ ပါဝင်ပတ်သက်သူများအားလုံး အဆိုပါလုပ်ရပ်များရပ်တန့်ပေးကြပါရန်နှင့်ငြိမ်းချမ်းရေးအတွက် ပါဝင်ပူးပေါင်းဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်းအပ်ပါသည်။

ဃ။ အယူဝါဒ၊ စနစ်၊ လမ်းစဉ်များမတူညီသောကြောင့် နှစ်ပေါင်း၇၀ခန့် လက်နက်ကိုင်ဝါဒကိုစွဲကိုင်ကာ အပြန် လှန်တိုက်ခိုက်မှုများ၊ အကြမ်းဖက်နှိပ်စက်သတ်ဖြတ်မှုများနှင့်မတရားကျင့်ကြံပြုမူဆောင်ရွက်မှုများ အတွက်အချင်းချင်းအပြန်အလှန်တောင်းပန်ခြင်းဖြင့်သော်လည်းကောင်း၊ ဒုက္ခပင်လယ် ဝေနေကြသော အပြစ်မဲ့ပြည်သူများကို တောင်းပန်ခြင်းဖြင့်သော်လည်းကောင်းခွင့်လွှတ်မှုကိုရယူပြီး ငြိမ်းချမ်းသော အသက်တာကိုပိုင်ဆိုင်နိုင်ဖို့ရန် မေတ္တာဖြင့်ဖော်ပြအပ်ပါသည်။

| | | |
|---|---|---|
| ဆရာတော်ဖီလစ်လျှန်ခင်ထန် | ကာဒီနယ်ချားလ်စ်ဘို | ဦးစောပက်ထရစ်လူနီ |
| ဥက္ကဋ္ဌ | ရဟန်းအမတ် | ဥက္ကဋ္ဌ |
| မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ် | ကက်သလစ်သာသနာ | မြန်မာနိုင်ငံခရစ်ယာန်သင်းတော်များကောင်စီ |





# အမေရိကန်ပြည်ထောင်စု၏ သမ္မတအသစ် ဒေါ်နယ် ထရမ့်အတွက် ပေးပို့သော ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ ဂုဏ်ပြုသဝဏ်လွှာ

**ဂုဏ်သရေရှိလှစွာသော ဒေါ်နယ် ထရမ့်**
**အမေရိကန် ပြည်ထောင်စု၏ သမ္မတ**
**အိမ်ဖြူတော်**
**ဝါရှင်တန်ဒီစီ**

အဆွေတော်အား အမေရိကန်ပြည်ထောင်စု၏ လေးဆယ့်ငါးဦးမြောက် သမ္မတအဖြစ် တင်မြောက်ခြင်း အခါသမယတွင် ကျွန်ုပ်၏ နွေးထွေးသော ဆန္ဒမွန်များစွာနှင့်အတူ အနန္တတန်ခိုးတော်ရှင် မြတ်စွာဘုရားသခင်သည် အဆွေတော် ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်များအတွက် ဉာဏ်ပညာနှင့် ခွန်အားကို အဆွေတော်အား ပေးစေတော်မူပါမည့်အကြောင်းဆုတောင်းမေတ္တာပို့သလိုက်ပါသည်။ လူ့ဘောင် မိသားစုသည် လူသားထုဆိုင်ရာ ပဋိပက္ခများစွာဖြင့် ရင်ဆိုင်နေရကာ အမြော်အမြင်နှင့် စည်းလုံးသော နိုင်ငံရေးဆိုင်ရာ တုန့်ပြန်မှုများ အထူးလိုအပ်နေသောအချိန်အခါတွင် အမေရိကန် နိုင်ငံသားများ၏ သမိုင်းကို ထုဆစ်ခဲ့သည့် ကြွယ်ဝသော ဝိညာဉ်ရေးနှင့် ကိုယ်ကျင့်တရားရေးတန်ဘိုးများကလည်းကောင်း၊ ကမ္ဘာတစ်ဝှမ်းလုံးတွင် လူ့ဂုဏ်သိက္ခာနှင့် လွတ်လပ်ခြင်းကို မြှင့်တင်ရန်ပြုလုပ်ထားသော အမေရိကန်နိုင်ငံ၏ ကတိကဝတ်များကလည်းကောင်း အဆွေတော်၏ ဆုံးဖြတ်ချက်များကို ထိန်းကျောင်းပေးပါစေ။ အဆွေတော်၏ ဦးဆောင်မှုအောက်တွင် ဆင်းရဲသားများ၊ အပယ်ခံများနှင့် လာဇရုးကဲ့သို့ ကျွန်ုပ်တို့၏တံခါးဝများတွင် ရပ်နေသောသူများအား စာနာထောက်ထားခြင်းများဖြင့်သာ အမေရိကန်နိုင်ငံ၏ ဂုဏ်ရှိန်မြင့်မားခြင်းကို ဆက်လက်တိုင်းတာပါစေ။

ဤစိတ်ထားများဖြင့် အဆွေတော်နှင့် အဆွေတော်၏မိသားစုအပေါ်သို့လည်းကောင်း၊ ချစ်လှစွာသော အမေရိကန်နိုင်ငံသူ နိုင်ငံသားများ အပေါ်သို့လည်းကောင်း ဘုရားသခင်သည် ငြိမ်းချမ်းခြင်းနှင့် စည်းလုံးညီညွတ်ခြင်း ကောင်းကြီးမင်္ဂလာတော်၊ ဝိညာဉ်နှင့် ကာယ ဖွံ့ဖြိုးတိုးတက်ခြင်းများ ပေးသနားတော်မူပါစေကြောင်း ဆုတောင်းပေး အပ်ပါသည်။

**ဖရန်စစ်**
**ပုပ်ရဟန်းမင်းကြီး**
**၂၀ ရက်၊ ဇန်နဝါရီလ၊ ၂၀၁၇ ခုနှစ်။**

# မျှော်လင့်ခြင်းသည် ဘုရား၏နုတ်ကပါတ်တော်ကို ယုံကြည်သက်ဝင်ရာမှ ပေါက်ဖွားသည်



မျှော်လင့်ခြင်းသည် ဘုရား၏နုတ်ကပါတ်တော်ကိုယုံကြည်သက်ဝင်ရာမှတစ်ပါး ကိုးကွယ်ရာဆင်းထု၊ ရုပ်ထုမှ မပေါက်ဖွားလာနိုင်ဟု ပုပ်ရဟန်းမင်းကြီးက ဇန်နဝါရီ(၁၁)ရက်နေ့ ဗာတီကန်ရင်ပြင်တွင် ပရိတ်သတ်နှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။ ယုံကြည်ခြင်းသည် လူ့ဘဝတွင် အဓိကကျပေမဲ့ လောကကြီးက ပေးသောအရာကို သက်ဝင်ယုံတတ်ကြောင်းနှင့် သတိရှိသင့်ကြောင်း၊ စစ်မှန်သော ယုံကြည်ခြင်းသည် ဘုရား၏နုတ်ကပါတ်တော်ကို ယုံကြည်သက်ဝင်ခြင်းမှ ပေါက်ဖွားလာကြောင်းကို သမ္မာကျမ်းစာက ကျွန်ုပ်တို့ကို အတိအလင်းဖော်ပြထားသည်။ လောက၏ တပ်မက်ဖွယ်ရာများဖြစ်သောငွေ၊ဩဇာအာဏာ၊အလှအပများသည် ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို ဖျားယောင်းသွေးဆောင်နိုင်ကြောင်း၊ တစ်ဖန်ငင်းတို့သည် ဘဝကို တိုးတက်စေမည့်အစား ကိုယ်၊ စိတ်၊ နလုံး၊ ဝိညာဉ်ကိုပါ နောက်ယုက်ကာ ဝေခွဲရခက်ဖြစ်သွားစေနိုင်သည့်အပြင် မိမိဘဝကိုပါ ဆုံရှုံးသွားစေနိုင်ကြောင်း ပြောကြားသွားသည်။

ယုံကြည်ခြင်းဆိုသည်မှာ ဘုရားကိုအကြွင်းမဲ့ယုံကြည်ပဲဖြစ်သည်။သို့သော် တစ်ခါတစ်ရံ ယုံကြည်ခြင်း ခိုင်မြဲရန်အတွက်လိုအပ်သော ဘဝ၏အခက်အခဲ၊ ကြေကွဲမှု၊ စုံစမ်းနှောက်ယှက်များလည်း ကြုံရတတ်ကြောင်း၊ သို့မှသာ မိမိသည် ဘုရားမရှိလျှင်မဖြစ်ဟု သိမြင်လာမည်ဖြစ်ကြောင်း၊ ဓမ္မသီချင်းရေးဆရာများက ရွှေငွေ၊ကြေးဖြင့်ပြုလုပ်သောဆင်းထုများသည် လူ၏လက်ဖြင့်သာ ပြုလုပ်ထားသည်ကို ဆာလံကျမ်း (၁၁၅)တွင်တွေ့ရှိရကြောင်း၊ ဆင်းထုတို့ကိုသာလျှင် ယုံကြည်မှုရှိသူသည် ဆင်းထုကဲ့သို့ဖြစ်လာကာ ခြေလက်တွေရှိသော်လည်း မလှုပ်ရှားရှိနိုင်သကဲ့သို့၊ ပါးစပ်ရှိသော်လည်း စကားမပြောနိုင်ပဲဖြစ်သည်။ ထို့အပြင် မလှုပ်ရှားနိုင်၊ မကူညီနိုင်၊ မပြုံးနိုင်၊ မချစ်နိုင်၊ အစေခံမနိုင်။ ဆင်းထုဟာ ဆင်းထုပဲဖြစ်ကြောင်းနှင့် သူတို့ကိုဘုရားနှင့် မနှိုင်းအပ်ကြောင်း၊ ဘုရားကရင်းထက် အဆပေါင်းများစွာ ကြီးမြတ်ပြီး ကျွန်ုပ်တို့ကိုလည်း မိမိ၏အဆင်းသဏ္ဍာန်နှင့်တူအောင် ဖန်ဆင်းထားပြီး ချစ်မြတ်နိုးကြောင်း၊ ထို့ကြောင့် ဘုရားသင်ကိုသာ အကြွင်းမဲ့ ယုံကြည်မျှော်လင့်သင့်ကြောင်း ပြောကြားသွားသည်။ ဘုရားကိုယုံကြည်လျှင် သူ့လိုဖြစ်လာနိုင်မည်ဖြစ်ပြီး သူ၏ကောင်းကြီးမင်္ဂလာသည်လည်း ကျွန်ုပ်တို့ကို ဘုရား၏သားသမီးများဖြစ်လာစေကြောင်းနှင့် သူ၏သားသမီးများ ဖြစ်လာသူတိုင်းသည် ကယ်တင်ခြင်းရရှိကြောင်းကို ၁၁၊၁၊၂၀၁၇ ရက်နေ့တွင် ထွက်ရှိသော ဗာတီကန်သတင်းအရ သိရှိရပါသည်။ CBCM-OSC

# ပုပ်ရဟန်းမင်းကြီး Guinea နိုင်ငံတော်သမ္မတ Prof. Alpha Conde နှင့် တွေ့ဆုံခြင်း



ပုပ်ရဟန်းမင်းသည်လွန်ခဲ့သောဇန်နဝါရီ (၁၆) ရက်နေ့တွင် Guinea နိုင်ငံတော်သမ္မတကို ဗာတီကန်၌ လက်ခံတွေ့ဆုံခဲ့သည်။ သူသည်ဗာတီကန် အတွင်းရေးမှူးကာဒီနယ် Pietro Parolinနှင့်လည်းသော်လည်းကောင်း၊ ဗာတီကန်နိုင်ငံတကာချစ်ကြည်ရေးဆိုင်ရာတာဝန်ခံ ဆရာတော်ကြီး Paul Gallagher နှင့်သော်လည်းကောင်းတွေ့ဆုံခဲ့သည်။ သမ္မတကို ဗာတီကန်မှ လှိုက်လှဲစွာကြိုဆိုလက်ခံလျှက်ရှိကြောင်းနှင့် နှစ်နိုင်ငံ ဆက်ဆံရေးမှာလည်း ကောင်းမွန်လှကြောင်း ဗာတီကန်သတင်းဌာနက ပြောကြားချက်အရသိရသည်။ ဗာတီကန်၌တွေ့ဆုံစဉ် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဆင်းရဲသားပပျောက်ရေး၊ တရားမျှတမှု၊ အလုပ်သမားများအတွက် ကောင်းမွန်သော မူများ ရေးဆွဲခြင်း စသည်တို့ကို အဓိကထား ဆွေးနွေးသွားကြောင်း သိရသည်။ ထို့နောက်သမ္မတက နိုင်ငံတော်အတွက်ဆိုလျှင် ကက်သလစ်အသင်းတော်သည်အရေးကြီးသောကဏ္ဍတွင်ပါဝင်လျှက်ရှိကြောင်း၊ အထူးသဖြင့် ပညာရေးကဏ္ဍနှင့်ကျန်းမာရေးကဏ္ဍမှာ အရေးပါလှကြောင်း၊ ခွဲခြားဆက်ဆံမှုမရှိပဲ ဘာသာပေါင်းစုံနှင့်တွေ့ဆုံ ဆက်ဆံသည်ကိုလည်း အလေးထားကြောင်း ဖြည့်စွက်ပြောကြားသွားသည်။ ၎င်းနောက် သမ္မတက အာဖရိကန် အရှေ့ပိုင်း ငြိမ်းချမ်းရေးရရှိရန် မိမိ၏ရည်ရွယ်ချက်ဖြစ်ကြောင်းနှင့် ၎င်းအတွက် မိမိကိုယ်ကို ဆက်ကပ်ထားကြောင်းလည်းပြောကြားသွားသည်။ သူသည် လွန်ခဲ့သော၂၀၁၀ခုနှစ် ဒီဇင်ဘာလတွင် တစ်ကြိမ် ၂၀၁၅ခုနှစ်တွင် တစ်ကြိမ် သမ္မတရွေးကောက်ခံရပြီး ဒုတိယကြိမ်တွင် မဲဆန္ဒ ၅၈ ရာခိုင်နှုန်း ဖြင့်အပြတ်အသတ်အနိုင်ရရှိကြောင်း ဗာတီကန်သတင်းမှသိရှိရပါသည်။ **CBCM-OSC**

# ပုပ်ရဟန်းမင်းကြီးသည် ဂျူဘီလီပွဲတော်သမိုင်းပြခန်းကို ဦးဆောင်သူများနှင့်တွေ့ဆုံခြင်း

ပုပ်ရဟန်းမင်းကြီးသည်ဂျူဘီလီပွဲတော်သမိုင်းပြခန်းကို ဦးဆောင်သူများနှင့် ဇန်နဝါရီ (၁၉) ဗာတီကန်တွင် တွေ့ဆုံခဲ့သည်။ ၎င်းပြခန်းကို လွန်ခဲ့သောမတ်လမှ ဇွန်လထိ Italain Senate အဖွဲ့မှ ဦးဆောင်ပြုလုပ်ခဲ့ကြောင်း သိရသည်။ ထိုအဖွဲ့၏ အကြီးအကဲဖြစ်သူ Pietro Grassoသည် Italain Senate ကိုဖွဲ့စည်းတည်ထောင်သူများနှင့် ဝန်ထမ်းများကို လုပ်ငန်းတာဝန်များကို စီမံခန့်ခွဲပေးကြောင်းသိရသည်။ ရဟန်းမင်းကြီးက ဂျူဘီလီပွဲတော် သမိုင်းပြခန်းကိုကျင်းပပေးသည့်အတွက် ကျေးဇူးတင်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ဗိသုကာပညာများကို စုဆောင်းထားပေးသည့်အတွက်လည်း ကျေးဇူးတင်ကြောင်း၊ ပြခန်းကို ကြည့်ရှုလေ့လာသောအခါအတွေးအမြင်များ အဆပေါင်းများစွာတိုးပွားကြောင်း၊ဂျူဘီလီနှစ်သည် ခရစ်သက္ကရာဇ် ၁၃၀၀ ခုနှစ်ကတည်းက ရဟန်းမင်းကြီး Bonifaceမှ စတင်ခဲ့သည်ဖြစ်ကြောင်း၊ ထိုချိန်မှစ၍ ဂျူဘီလီနှစ်ကျင်းပတ်တိုင်းသည် ၎င်းနှင့်သက်တိုင်သောသမိုင်းဝင်မှတ်တမ်းများကိုချန်ရစ်ခဲ့သည်။ အံ့မခန်းဗိသုကာများ၊ လှပသောပန်းချီကားချပ်များနှင့် ကရုဏာ လုပ်ငန်းများကြောင့် နယ်လှည့် ခရီးတွေအများအပြားရောက်လာခဲ့သည်။ ၎င်းအရာများသည် မရှိမဖြစ်လိုအပ်သောအရာများဖြစ်ပြီး ဂျူဘီလီနှစ်၏အနှစ်သာရများကိုလည်းဖော်ဆောင်စေပါသည်။ ဘုရားသခင်၏ကောင်းမြတ်ခြင်း၊ ချစ်ခြင်းမေတ္တာနှင့် ခွင့်လွှတ်ခြင်းသည် မည်မျှကြီးမားသည်ကိုလည်း ထင်ရှားစေပါသည်။ ဘုရားသခင်သည် အနန္တတန်ခိုးတော်ဖြစ်သည်။ နောက်ဆုံးတွင် ပုပ်ရဟန်းမင်းကြီးက ဂျူဘီလီပွဲတော်သမိုင်းပြခန်းကို ဦးဆောင်ပေးသူနှင့်ကူညီပေးသူအားလုံးတို့ကိုကျေးတင်ကြောင်း၊ အထူးသဖြင့် အိမ်ရှင် Italain Senate အဖွဲ့ကို ကျေးဇူးတင်ကြောင်း၊ ဂျူဘီလီမှရရှိသော ဝိညာဉ်တော်၏အသီးအပွင့်ကိုဆက်လက်လုပ်ဆောင်သွားနိုင်ကြမည်ဟု မျှော်လင့်ကြောင်း ၁၉၊၁၊၂၀၁၇ ရက်နေ့တွင်ထွက်ရှိသောသတင်းအရ သိရှိရပါသည်။ CBCM-OSC



# ပုပ်ရဟန်းမင်းကြီးက ဗာတီကန်ကို စောင့်လျှောက်သောအီတလီရဲများအား ကျေးဇူးတင်စကားပြောကြား

ဗာတီကန်ကိုစောင့်လျှောက်ရန် ဗာတီကန်ရဲအင်အားများ သီးသန့်ရှိသော်လည်း အီတလီရဲများသည် ဗာတကန်ရဲနှင့်ပူးပေါင်းပြီး စိန်ပီတာရင်ပြင်ကိုစောင့်လျှောက်သည်သည့်အတွက် ရဟန်းမင်းကြီးက သူ့တို့ကိုကျေးဇူးတင်စကားပြောခြင်းဖြစ်သည်။ ရဟန်းမင်းကြီး ပြောကြားချက်အရ သူတို့သည် နှလုံးစွမ်းရည်၊ ကာယစွမ်းရည် နှင့်ပြည့်စုံသူ၊ ဗာတိကန်ကို ရက်ရက်ရောရော နေ့ညမဖြတ် အသက်နှင့်ရင်းပြီးစောင့်ရှောက်သောသူ၊ တတ်စွမ်းသမျှ ဗာတီကန်ကို အစေခံသွားသောသူများဖြစ်သည်။ ထို့ကြောင့်သူတို့ကို စိန်ပီတာ၏ ကိုယ်စောင့်သကြားဟုခေါ်သလို စိန်ပီတာ၏အနိုင်းမဲ့ရဲဘော်များဟုလည်း ခေါ်ကြ သည်။ လွန်ခဲ့သော၂၀၁၆ခုနှစ် သနားခြင်း ကရုဏာနှစ်တွင် ဗာတီကန်သို့ နိုင်ငံတကာမှ ဘုရားဖူးခရီးသည် အမြောက်အများ ရောက်ရှိခဲ့ကြသည်။ ထို့အပြင် သနားကရုဏာ နှစ်ဂျူဘီလီပွဲတော်ကြီးလည်းအောင်မြင်စွာကျင်းပပြီးစီးနိုင်ခဲ့သည်။

ထို့ကြောင့် သင်တို့အားစိုက်မှု၊ ပါဝင်ဆက်ကပ်မှုသည် မနည်းပေ။ ဘုရားဖူးခရီးသည်များသည် စိတ်အေးချမ်းစွာဖြင့် ဘုရားဖူးနိုင်ခဲ့သည်။ ဘုရားသခင်နှင့် ပျော်ရွှင်စွာတွေ့ဆုံနိုင်ခဲ့သည်။ သူတို့ကို ဘေးအန္တရာယ်ကင်းစွာ စောင့်လျှောက် ခဲ့သည့်အတွက် ကျေးဇူးအထူးတင်သည်။ ကောင်းကင်ဘုံ၌ရှိတော်မူသောအဖဘုရားသခင် သင်တို့ကို ကောင်းကြီးပေးပါစေ။ အမိမယ်တော်သခင်မလည်း သင်တို့ကို ကာကွယ် စောင့်လျှောက်ပါစေ။ သင်တို့လည်းကျွန်ုပ်အတွက်သတိယဆုတောင်းပေးပါဟု တောင်းဆိုကြောင်း ဖွန်နာဝါရီ ၁၃ရက်နေ့ ထွက်ရှိသော ဗာတီကန်သတင်းအရသိရှိရပါသည်။ Cbcm Osc

# ကျွန်ုပ်တို့သည် ကွဲပြားခြင်းမဟုတ် စည်းလုံးရန်မျှော်လင့်ပါသည်

ဗာတီကန်
၁၈၊၁၊၂၀၁၇။




ပုပ်ရဟန်းမင်းကြီးဖရန်စစ်သည် ဇန်နဝါရီလ ၁၈ ရက် ဗုဒ္ဓဟူးနေ့ ပေါလ် (၂) ခန်းမထဲတွင် လူထုပရိတ်သတ်ကြီးနှင့် တွေ့ဆုံခြင်း၌ ခရစ်ယာန်များအတွက် စည်းလုံးခြင်းနှင့် ပြန်လည်ကျေအေးသင့်မြတ်ခြင်းသည်ဖြစ်နိုင်ခြေရှိသောအရာများ ဖြစ်ကြောင်း၊ ခရစ်ယာန်မျှော်လင့်ခြင်းနှင့် ပတ်သက်သော ဩဝါဒကို မိန့်ကြားခဲ့ပါသည်။ Lydia O'Kane's ၏ သတင်းပေးပို့ချက်အရပုပ်ရဟန်းမင်းကြီးက " ကျွန်ုပ်တို့သည် ခွဲခြားခြင်းထက် အဘယ်အရာက ကျွန်ုပ်တို့ကိုစည်းလုံးစေသည်ကိုပိုမို ရှာဖွေမျှော်လင့်ပါသည်။ ယခုရက်သတ္တပတ်သည် ခရစ်ယာန်များစည်းလုံးညီညွတ်ရန် အထူးဆုတောင်းရသည့် အချိန်ဖြစ်သည့်အားလျော်စွာ ပုပ်ရဟန်းမင်းကြီးက ခရစ်ယာန်များအားလုံး စည်းလုံးညီညွတ်ခြင်းအတွက် အထူးဆုတောင်းရန် ဘာသာတူများအားလုံးကို ဖိတ်ခေါ်ခဲ့သည်။ Lund မြို့သို့ သွားရောက်ခဲ့သောမိမိ၏ ခရီးစဉ်အကြောင်းကိုလည်း ပြန်ပြောကာသူက ကျွန်ုပ်တို့သည်အတူတကွပေါင်းစည်းခြင်းကို အကောင်အထည်ပေါ်လာသည်အထိ ဆက်လက်လက်တွဲလုပ်ဆောင်နေပါမည်ဟု ပြောကြားသွားခဲ့သည်။ ဥရောပတွင်လည်း ပုပ်ရဟန်းမင်းကြီးက ခရစ်တော်သခင်၌ တူညီသောယုံကြည်ခြင်းကိုထားရှိခြင်းသည် ကျွန်ုပ်တို့အား စည်းလုံးရန်၊ ညီညွတ်ပြီးအတူတကွဖြစ်လာရန်၊ အချင်းချင်းပြန် လည်စည်းလုံးသင့်မြတ်ရန် မျှော်လင့်ခြင်းရောင်ခြည်သဖွယ် ဖြစ်ပါသည်။" ဟုအလေးထားပြောကြား သွားခဲ့သည်။ ခရစ်ယာန်တစ်ဦး အနေဖြင့်ကျွန်ုပ်တို့သည် ထိုအရာအတွက် ဖြစ်နိုင်ရမည်။ ထိုအရာကို ကျွန်ုပ်တို့၏ ဘဝနှင့်သက်သေခံ ဟောပြောနိုင်ရမည်ဖြစ်သည်။ ဆက်လက်ပြီးပုပ်ရဟန်းမင်းကြီးက ခရစ်ယာန်တို့၏ မျှော်လင့်ခြင်းနှင့် ပတ်သက်၍လည်း ပရောဖက်ယောနာ၏ ပုံဥပမာမှ ဘုရားသခင်၏ လက်ခံရန်ခက်ခဲသော အလိုတော်ကို ငြင်းဆိုကာ ရှောင်ပြေးလိုသော ပရောဖက်ယောနသည် မုန်တိုင်းနှင့်ရင်ဆိုင်ရကာ သင်္ဘောပေါ်ရှိသူတို့သည် ယောနအား ထိုမုန်တိုင်းမှလွတ်မြောက်ရန် ဆုတောင်းစေခဲ့သည်။ ထိုပုံဥပမာသည် ကျွန်ုပ်တို့အား မျှော်လင့်ခြင်းနှင့် ဆုတောင်းခြင်းအကြား ဆက်စပ်မှုကို သတိမူ ဆင်ခြင်မိစေပါသည်။ ကြောက်မက်ဖွယ်သောဘေးနှင့် သေခြင်းတို့ရင်ဆိုင်ကြုံတွေ့လာ ရသောအခါ ထိုအရာသည် ကျွန်ုပ်တို့လူသား၏ မတတ်နိုင်ခြင်းမပြည့်စုံခြင်းနှင့် ကယ်တင်ခြင်းရရန်မှာဆုတောင်းခြင်းသည် အရေးကြီး လိုအပ်ကြောင်းမကြာခဏဆိုသလို သတိပေးတတ်ပါသည်။ သင်္ဘောတွင် ပါလာသော ခရီးသည်များက ပရောဖက်ယောနအားဆုတောင်းရန်တောင်းခံခဲ့သည်။ သင်္ဘောသားများကိုယ်စား ယောနက ဆုတောင်းပေးလိုက်သောအခါ ရလဒ်အနေဖြင့် သင်္ဘောသားသည် စစ်မှန်သောဘုရားကို အသိအမှတ်ပြု ဝန်ခံတတ်လာပါသည်။ ပါးစကား၏ နက်နဲရာအချက်များဖြစ်သော ခရစ်တော်သခင်၏ ဒုက္ခစရိယာကျင့်ခံခြင်း၊ သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းသည်လည်း ကျွန်ုပ်တို့အားသေခြင်းသည် ကယ်တင်ခြင်းရရန်နှင့် ခရစ်တော်နှင့်တပေါင်းတစည်းတည်းတွေ့ဆုံနေထိုင်နိုင်ရန် မျှော်လင့်ခြင်းဖြင့် ဖိတ်ခေါ်ချက်တစ်ခုဖြစ်ခဲ့ပါသည်။ ဟူ၍လည်း ပုပ်ရဟန်းမင်းကြီးက ဖြည့်စွက်ကာ မိန့်ကြားသွားခဲ့သည်။

# Bosnian လူငယ်မောင်မယ်များသို့ ပုပ်ရဟန်းမင်းကြီးမိန့်ခွန်း

Bosnian နှင့် Herzegovina မြို့မှ ကလေးငယ်များကို ပုပ်ရဟန်းမင်းကြီးကဇန်နဝါရီလ (၁၈) ရက်၊ ဗုဒ္ဓဟူးနေ့တွင် အထူးတွေ့ဆုံမှုတစ်ရပ် ပြုလုပ်ခဲ့ပါသည်။ ထိုကလေးသူငယ်များသည်မတူညီကွဲပြားသောမိသားစု နောက်ခံသမိုင်းအသီးသီးမှ ဖြစ်ကြပြီး ထိုကလေးများကိုအတူတကွ ယှဉ်တွဲလုပ်ဆောင်တတ်ရန် အထူးစီစဉ်သော Sicily မြို့မှ စတင်ပြုလုပ်ခဲ့သော အစီအစဉ်မှ လိုက်ပါလာသောသူများဖြစ်သည်။ ကက်သလစ်၊ အော်သဒေါ့နှင့် မွတ်ဆလင် စသည့် ဘာသာအသီးသီးမှ ပေါက်ဖွားကြသော ကလေးငယ်များသည် ဒီဇင်ဘာလ ၁၉ ရက်မှ စတင်စုဆောင်းကာမိမိတို့နေအိမ်များသို့ ဇန်နဝါရီလ ၂၁ ရက်နေ့တွင်ပြန်သွားကြမည်ဖြစ်သည်။ ထိုအစီအစဉ်ကို Luciano Lama Association မှ အဓိက ကူညီပံ့ပိုးထားပါသည်။ "ချစ်လှစွာသောကလေးများတို့ယခုကဲ့သို့ ညီအစ်ကိုမောင်နှမများသဖွယ်အချိန်များကိုအတူတကွ နေထိုင်ခြင်းဖြင့် အကုန်ခံစေခြင်းမှာ သင်တို့အား မျှော်လင့်ခြင်း ဝန်းကျင်တွင် အသက်ရှင်သန်ကြီးထွားရန် အခွင့်အရေးများစွာကိုဖန်တီးပေးပါသည်။ထိုနည်းလမ်းအားဖြင့်သင်တို့မွတ်ဆလင်၊ ကက်သလစ်နှင့် အော်သဒေါ့ မျိုးဆက်သစ်တို့သည် ပိုမိုနွေးထွေးသော၊ ပိုမိုညီအစ်ကိုရင်းချာသဖွယ်ဖြစ်သော၊ငြိမ်းချမ်း၍တရားမျှတသော ပိုမိုရိုးရှင်းကာ လူသားဆန်သော ကမ္ဘာငယ်ထဲတွင် မျှော်လင့်ခြင်းဖြင့် ခိုလှုံရာ နေရာလေးတစ်ခု ဖြစ်လာနိုင်ပါလိမ့်မည်။ ဆက်လက်ပြီးပုပ်ရဟန်းမင်းကြီးက သူတို့အားယုံကြည်ခြင်း၌တည်တံ့နိုင်မြဲရန်၊ ငြိမ်းချမ်းရေးအတွက်ဆက်လက် ဆုတောင်းပေးကြရန်၊ ကမ္ဘာကြီးတစ်ခုလုံးအတွက် အထူးသဖြင့် Bosnian နှင့် Herzegovina တို့၏ စည်းလုံးခြင်းနှင့်ငြိမ်းချမ်းခြင်းအတွက် အထူးဆုတောင်းပေးကြပါ" ဟု




ဖိတ်ခေါ်ခဲ့သည်။ မိမိအနေဖြင့် "ထိုအစီအစဉ်ကို ပြုလုပ်ပေးသောအဖွဲ့ကြီးကိုရင်ထဲမှ လိုက်လိုက်လှဲလှဲ ကျေးဇူးတင်မိကြောင်း ထိုသူတို့၏စိတ်ပြုချစ်ခြင်းမေတ္တာနှင့် စည်းလုံးညီညွတ်ခြင်း တို့အတွက်လည်းများစွာ ဂုဏ်ယူမိကြောင်းထိုနည်းတူစွာ ပင်မိဘမဲ့များစွာတို့သည် ထိန်းသိမ်းစောင့်ရှောက်မှုခံရပါစေ၊ ချစ်ခြင်းအပြည့်ဖြင့်ကြိုဆိုလက်ခံမှုကိုခံစားရပါစေ၊ ကျွန်ုပ်၏ ဆုတောင်းမေတ္တာကိုသင်တို့အတွက်ပေးပါသည်။ ကျွန်ုပ်၏ သိုးထိန်းဆိုင်ရာကောင်းကြီးတော်ကို သင်တို့အားလုံးအပေါ်သို့ သွန်းပေးပါသည်။" ဟုဆိုကာ မိမိ၏ဩဝါဒကိုအဆုံးသတ်သွားခဲ့ကြောင်း ဗာတီကန်ရေဒီယိုမှသတင်းရရှိပါသည်။ (cbcm_osc)

# ပုပ်ရဟန်းမင်းကြီးက Lazio နယ်ပယ်ဒေသသမ္မတနှင့် ရောမမြို့တော်ဝန် တို့ ကို တွေ့ဆုံခြင်း

ပုပ်ရဟန်းမင်းကြီးဖရန်စစ်သည် ရောမမြို့တော်ဝန် Virginia Raggi နှင့် Lazio နယ်ပယ်ဒေသသမတ္တ Nicola Zingaretti တို့ကို သီးသန့်တွေ့ဆုံမှုအား ဇန်နဝါရီလ (၁၂) ရက်၊ ကြာသပတေးနေ့တွင်ပြုလုပ်ခဲ့သည်။ ရောမမြို့ဆရာတော်ကြီး ( ပုပ်ရဟန်းမင်းကြီး) နှင့် ဒေသဆိုင်ရာ အကြီးအကဲများသည် နှစ်သစ်နတ်ဆက်ခြင်းဖြင့် အပြန်အလှန်နှုတ်ဆက်နိုင်ရန် ထိုကဲ့သို့ ဇန်နဝါရီလတွင်နှစ်စဉ်တွေ့ဆုံ ရာဓလေ့တစ်ခုလည်းဖြစ်သည်။ ထိုတွေ့ဆုံမှုမျိုးသည် သီးသန့်ဖြစ်၍ မည်သည့် သတင်းစာကမှ တရားဝင်ကြေငြာလေ့မရှိပေ။ မည်သို့ပင်ဖြစ်စေ ပုပ်ရဟန်းမင်းကြီးနှင့် တွေ့ဆုံရတိုင်း အင်မတန်နှစ်ထောင်းအားရသော ခွန်အားတို့ရရှိပါသည်။ ဟု Nicola Zingaretti ကသတင်းတင်ပြသူအားရင်ဖွင့်သွားခဲ့ကြောင်း ဗာတီကန်ရေဒီယိုမှ သတင်းရရှိပါသည်။ (CBCM-OSC)




# ကမ္ဘာလုံးဆိုင်ရာ သနားကြင်နာခြင်း ညီလာခံ(၄)ကျင်းပခြင်း

ဖိလိပိုင်။၂၀ ဇန်နဝါရီလ ၊ ၂၀၁၇

World Apostolic Congress on Mercy 'WACOM4' ကို ၂၀၁၇ခုနှစ် ဇန်နဝါရီလ ၁၆ရက်မှ ၂၀ရက်နေ့အထိ ဖိလိပိုင်နိုင်ငံတွင် ကျင်းပခဲ့ပါသည်။

'WACOM4'သို့ ရောက်ရကြသည့် ဘုရားဖူးတွေထဲတွင် မလေးရှားနိုင်ငံမှ အများဆုံးဟုကြားသိရပါသည်။ထိုပွဲတော်ကြီးကို(၅)ရက်တာကျင်းပခဲ့ခြင်းဖြစ်သည်

ဂရုဏာရှင်ယေဇူးကို အားကိုးသူများ စုရုံးသည့် ညီလာခံကြီးဖြစ်ပြီး၊ ဝေငှသက်သေခံခြင်းများနဲ့အတူ နေ့စဉ် နိုင်ငံတကာဘုရားဖူး ၈၀၀၀ မှ ၁၀၀၀၀ နီးပါးတို့သည် ဆရာတော်ကြီးများ၊ ရဟန်းတော်များ၊ သူတော်စင်များတို့နဲ့အတူ ၊ နံနက်မေတ္တာဆိုခြင်းအစီအစဉ်၊ ဂရုဏာရှင်ယေဇူးပလ္လင်တင်ခြင်း၊ကိုယ်တော်မြတ်ဖူးမျှော်ခြင်း၊ ဘုရား၏သနားကြင်နာခြင်းအကြောင်း ဘဝအတွေ့အကြုံများကို ဆရာတော်ကြီးများကိုယ်တိုင် အများနှင့်ဝေငှသက်သေခံခြင်း၊ ညနေပိုင်းတွင် မစ္ဆားတရားတော်ဖြင့် တစ်နေ့တာ အစီအစဉ်များကို အဆုံးသတ်ခဲ့ကြသည်။

ထို (၅)ရက်တာသည် နိုင်ငံ အသီးသီးမှ ပါဝင်တက်ရောက်သူ ဘာသာဝင်များအတွက် သနားကြင်နာခြင်းကို တန်ဖိုးထားသော ကြီးမားသည့်ကက်သလစ်မိသားစုကြီးနဲ့အတူ(၅)ရက်တာဝတ်စောင့်ခြင်းအစီအစဉ်လည်း ဖြစ်ပါသည်။

"မရေရာမှုတွေ၊ ကွဲပြားခြင်းတွေကြောင့် ကပ်ဘေးတွေ ဖြစ်လာနေတဲ့ ကျွန်မတို့နိုင်ငံ ဖိလစ်ပိုင် လူမှုအဖွဲ့အစည်းအတွက် ဘုရားရှင်၏ လမ်းညွှန်စောင့်ရှောက်မှု၌သာအပ်နှံထားသင့်ပါတယ်" ဟု BATANGAS မြို့တော်၊ နယ်မြေ ၃ ၏ ကိုယ်စားလှယ်တော် Hon.Ma.Theresa Collantes က ပြောကြားကြောင်း၊

"မရေရာမှုတွေ၊ ကွဲပြားခြင်းတွေကြောင့် ကပ်ဘေးတွေ ဖြစ်လာနေတဲ့ ကျွန်မတို့နိုင်ငံ ဖိလစ်ပိုင်လူမှုအဖွဲ့အစည်းအတွက် ဘုရားရှင်၏ လမ်းညွှန်စောင့်




ရှောက်မှု၌သာအပ်နှံထားသင့်ပါတယ်" ဟု BATANGAS မြို့တော်၊ နယ်မြေ ၃ ၏ ကိုယ်စားလှယ်တော် Hon.Ma.Theresa Collantes က ပြောကြားကြောင်း၊

"မွေး ဖွားခြင်းမှသည်သေဆုံးသည့်အထိ ဘုရား ရှင်၏ သနားကြင်နာခြင်းအပေါ်တန်ဖိုးထားတဲ့အသက်တာနဲ့တစ်ပါးသူကို စာနာ သနားခြင်းဟာ အရေးပါဆုံးသော သနား ကြင်နာမှုပြသခြင်းဖြစ်တယ်လို့ကျွန်တော် ယုံကြည်မိတယ်" ဟု Batangas ပြည်နယ် အုပ်ချုပ်ရေးမှူး ပြောကြားခဲ့ကြောင်း၊

"ဂရုဏာရှင်ယေဇူးရဲ့ သနားကြင်နာခြင်းဟာအကန့်အသတ်မရှိတဲ့အတွက် လူတိုင်းနှင့်ဝေမျှပါ"ဟုအနားယူသွားသည့် NOVALICHES ဆရာတော်ကြီး သီအိုဒိုးရိုဘက္ကားနီ မှ မြွက်ကြားခဲ့ကြောင်း၊

"အဖ ခမည်းတော်၏ထွေးပိုက်ခြင်းခံရသောသူ၊ ဖန်ဆင်းခံအားလုံးနဲ့လူသားအားလုံးကို ထွေးပွေ့ရန်အတွက်ကိုလည်း ခေါ်ဖိတ်ခြင်း ခံရသော သနားကြင်နာတော်မူသော မယ်တော်သည် ကျွန်ုပ်တို့အတွက် ပြည့်ဝသော စံနမူနာ မိခင်ဖြစ်တော်မူ၏"ဟုဂိုဏ်းချုပ်ဆရာတော်ကြီး ရေမွန်း အာဂီးလက်စ် က Batangas Padre Pio Shrine တွင် ကျင်းပပြု လုပ်ခဲ့သောမစ္ဆားတရားတော်မြတ်၌ မြွက်ကြားခဲ့ကြောင်း၊

"ကျွန်တော်ဟာ ဆရာဝန်တစ်ယောက်ပါ။ ကျွန်တော့အတွက်ကတော့ လူအားလုံးရဲ့အသက်ကို တန်ဖိုးထားခြင်းထက် အရေးကြီးတာ ဘာမှမရှိတော့ပါဘူး"ဟု Batangas Diocese မှဒေါက်တာ အက်ဒွန်ဂွန်ဇဂါ က ပြောကြား ခဲ့ကြောင်း၊

"ကျွန်ုပ်သည် တစ်ပါးသူများအတွက် ဘုရားရှင်၏ မျှော်မြင်တော်မူခြင်း၏ အသုံးတော်ခံဖြစ်သည် ဆိုသည်ကို ကိုယ့်ကိုယ်ကိုယ် သိမြင်သင့်ပါတယ်" ဟု မနီလာ လက်ထောက်ဆရာတော်ကြီး၊ ဘရိုဒရစ် ပါ့ဘီးလီယိုက ဝေငှသက်သေခံခဲ့ကြောင်း၊

"အရည်အသွေးရှိတဲ့ ဧဝံဂေလိသတင်းကောင်းကြေငြာခြင်းဆိုတာဟာ ဂရုဏာရှင်ယေဇူးနဲ့ ဘယ်အတိုင်းအတာအထိ၊ထိတွေ့ခဲ့ဘူးပြီလည်းဆိုတဲ့အတွေ့အကြုံအပေါ်မှသာ အခြေခံပါတယ်"ဟု WACOM အတွင်းရေးမှူးနှင့် အားစ် ၏ ကျောင်းထိုင်ဘုန်းတော်Bကီး ဖာသာရ်ပက်ထရိစ် က မြွက်ကြားခဲ့ကြောင်း၊

"ဘုရားသခင်ရဲ့ ဖန်ဆင်းခြင်းလက်ရာတော် နဲ့ လျော်ညီစွာ ပြုပြီး ကျွန်ုပ်တို့ ရဲ့အိမ်များကို နွေးထွေးမှုရှိစေတဲ့ ပုံမှန် အနေအထားမှာ ပြန်လည်မွမ်းမံနိုင်ဖို့ ဆိုမှသာ "Laudato Si" လို့ ကျွန်ုပ်တို့ ပြော ဆိုနိုင်ကြမှာဖြစ်ပါတယ်"ဟု Rev.Fr. ဖိလစ်ဇားဒို က ပြောကြားခဲ့ကြောင်း၊

"ဒီယနေ့ခေတ် အချိန်အခါအတွက် တစ်မူထူးခြားတဲ့ သနားကြင်နာခြင်း နည်းလမ်းကတော့ နတ်ကပတ်တော်ဖြစ်တဲ့ ယေဇူးရဲ့သနားကြင်နာခြင်းကို ကမ္ဘာ့ဌာန်းထောက်ရှုကြဖို့ပဲ ဖြစ်ပြီး ခရစ်တော်ယေဇူး ပေးလာတဲ့ စိန်ခေါ်ချက်တွေကို အင်အားယုတ်လျော့မှုမရှိပဲ ၄င်းကို အတုယူကာ လိုက်လျှောက်ကြရန်ပင်ဖြစ်သည်" ဟု WACOM4 အတွက် ပုပ်ရဟန်းမင်းကြီး၏ကိုယ်စားလှယ်တော်၊ပြင်သစ်နိုင်ငံ၊ လီယွန်မြို့၏ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ် ဘာဘာရင်း က မြွက်ကြားခဲ့ကြောင်း RVA သတင်းဌာနမှ သတင်းပေးပို့ထားပါသည်။

"သက်သေခံခြင်းဆိုတာ၊ ကိုယ်တိုင်ဒုက္ခတွေ၊ နာကြင်မှုတွေ ခံစားရချိန်မှာတောင်မှ၊ ဘုရားရှင်ရဲ့ကောင်းကြီးမင်္ဂလာတော်တွေကိုဝေငှခြင်းဖြစ်ပါတယ်"ဟု Caceres ဂိုဏ်းချုပ်ဆရာတော်ကြီး ရိုလန်းဒို မြွက်ကြားကြောင်း၊

"ဒီနေ့ဒီနေရာကို သင်တို့မတော်တဆ ရောက်လာတာ မဟုတ်ပါဘူး။ ဘုရားရှင်ခေါ်ဆောင်လို့ရောက်လာတာပါ။ အရာအားလုံးဟာ ဘုရားရှင်ရဲ့ သနားကြင်နာခြင်းကြောင့်သာ ဖြစ်ပြီး ဒီနေရာ ရောက်ရှိနေခြင်းဟာလည်း ဘုရားရဲ့ သနားကြင်နာခြင်းကြောင့် သာ ဖြစ်ပါတယ်"ဟု ဘာလဲန်ဂ ဆရာတော်ကြီး က WACOM4. နောက်ဆုံးနေ့ မစ္ဆားတော်မြတ်ကြီးတွင်ပောကြားခဲ့ကြောင်း၊

## ခေါင်းဆောင်မှုပညာတိုးမြင့်ရန် အန္ဒိယနိုင်ငံကက်သလစ်လူငယ်များနီးနှောတွေ့ဆုံ

အိန္ဒိယနိုင်ငံလုံးဆိုင်ရာလူငယ်အဖွဲ့သည် ဇန်နဝါရီလ ၁၈ ရက်မှ ၂၂ အထိ အိန္ဒိယနိုင်ငံ Mangalure တွင်တွေ့ဆုံကာ ခေါင်းဆောင် မှုနည်းပညာမြင့်တင် ရေးသင်တန်း တစ်ခုကို ပြုလုပ်ခဲ့ကြပါသည်။ အန္ဒိယနိုင်ငံဆရာတော်များအဖွဲ့ချုပ် (CBCI) ၏ အကြီးအမှူးဖြစ်သော ဆရာတော် Henry D'Douza of Bellary က ထိုတွေ့ဆုံမှုသည် လူငယ်များအတွင်း ခေါင်းဆောင်မှုဆိုင်ရာ အကြောင်းအရာများ ကိုအဓိကထားပြောဆို ဆွေးနွေးခြင်းဖြစ်ကြောင်းပြောပြသွားခဲ့သည်။ အန္ဒိယနိုင်ငံတစ်ဝှမ်းရှိလူငယ်ခေါင်းဆောင်များ (၃၀၀၀) ခန့်သည် ထိုသင်တန်းသို့ တက်ရောက်ခဲ့ကြသည်။သင်တန်း၏ ခေါင်းစဉ်းအဖြစ် (ခရစ်တော်နှင့် ထိတွေ့ခြင်းဖြင့် သူ၏လမ်းစဉ်ကိုလိုက်လျှောက်ခြင်း) ဟူ၍ဖြစ်ပါသည်။ ဆောင်ပုဒ်မှာမူ {မနက်ဖြန်ခေါင်းဆောင်ဖြစ်ရန်အတွက် ယနေ့ပြင်ဆင်ခြင်း} ဟူ၍ဖြစ်သည်။ အန္ဒိယကက် သလစ်လူငယ်လှုပ်ရှားမှုအဖွဲ့ (ICYM) မှ စုရုံးစတင်ကာကက်သလစ်လူငယ်ကောင်စီ CBCI ၏ ကူညီထောက်ပံ့မှုများဖြင့် ဒသမအကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာလူငယ်များတွေ့ဆုံနီးနှောဖလှယ်ပွဲကို Mangalore သာသနာ Karnataka နယ်တွင် Udupi ၊ Bethangady နှင့် Puttur တိုက်နယ်တို့နှင့် ပူပေါင်းကာ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ တဆက်တည်းတွင်လည်းတက်ရောက်သူ လူငယ်ထုကြီးသည် ဇန်နဝါရီလ ၂၂ ရက်တွင် Rosario ကာသီဒြယ်ကြီးမှစတင်က St. Aloysius ကောလိပ်ရှိကွင်းပြင်အထိ ငြိမ်းချမ်းရေးချီတက်ခြင်းခရီးတစ်ခုကို ပြုလုပ်ကာ ထိုနေရာတွင်ပင် Justice Lurian Joseph က သူတို့အား လူငယ်တစ်ဦး၏ ရပိုင်ခွင့်အခွင့်အရေး၊ တာဝန်ယူတတ်ခြင်းနှင့် ဝတ္တရားများအကြောင်းကိုပြောပြပေးသွားမည်ဖြစ်သည်။ ICYM သည် ကြီးမားသောလူငယ် လှုပ်ရှားမှုအဖွဲ့ တစ်ဖွဲ့ဖြစ်သည်။ ထိုအဖွဲ့ အစည်း သည် အန္ဒိယရှိ သာသနာငယ် ၁၇၀ ခန့်တွင် ပြန့်နှံ့လှုပ်ရှားနေပါသည်။ နိုင်ငံလုံးဆိုင်ရာလူငယ်တွေ့ဆုံပွဲကို ၁၉၈၉ ခုနှစ်တွင် စတင်ပြု လုပ်ကျင်းပခဲ့ရသုံးနှစ်တစ်ကြိမ် အဖြစ် အန္ဒိယနိုင်ငံ ၏ သာသနာနယ်ကြီးများ တွင်ပြန်လည်ကျ ရောက်လေ့ရှိသော အခန်းအနား တစ်ခုလည်းဖြစ်ကြောင်းUcanသတင်းဌာနမှ သိရှိရပါသည်။ (CBCM-OSC)

# McDonald စားသောက်ဆိုင်မှအိုးမဲ့အိမ်မဲ့များကိုအခမဲ့ကျွေးမွေး

စိန်ပီတာ ဘာဆီးလီကာ နှင့်မလှမ်းမကမ်းတွင်ရှိ အသစ်ဖွင့်လှစ်လိုက်သော McDonaldစားသောက်ဆိုင်သည် ၄င်းဒေသတစ်ဝိုက်ရှိ မရှိဆင်းရဲသားအား အစားအစာများကို အခမဲ့ပေးဝေလျှက်ရှိကြောင်း ဇန်နဝါရီလ (၁၂)ရက်ထုတ်ပြန်သည့် ဗာတီကန်ရေဒီယိုသတင်းအရ သိရှိရပါသည်။ ထိုစားသောက်ဆိုင်သည်၂၀၁၇ နှစ်စပိုင်းတွင် ဒေသခံများနှင့် သာသနာပိုင်များ၏သဘောတူညီမှုကိုရယူကာ စတင်ဖွင့်လှစ်ထားပြီး ဗာတီကန်ရှိစိန်အဲန်းဂိတ်တံခါးကြီးကိုမျက်နှာမူထားသော သမိုင်းဝင်အဆောက်အဦးပုံစံဖြင့် တည်ဆောက်ဖွင့်လှစ်ထားပါသည်။ McDonald မှ Borgo Pio နှင့် ဒေသရှိ ကရုဏာအသင်းအဖွဲ့ (Medicina Sociale ) တို့ကပူပေါင်း၍ အကျိုးထိရောက် သောသဘောတူညီမှု တစ်ခုအဖြစ် McDonald စားသောက်ဆိုင်မှ နေ့လည်စာ စားသောက်ဖွယ်ရာများ(၁၀၀၀) ခန့်ကို တနင်္လာနေ့တိုင်းတွင်မရှိဆင်းရဲသားများအား ပေးဝေရန်ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်ကာ ထိုအစီအစဉ်ကို ဇန်နဝါရီလ (၁၆) ရက်နေ့တွင်စတင်သွားမည်ဖြစ်သည်။ McVatican အမည်ဖြစ် နေ့လည်စာပူးငယ်ထဲတွင်လည်း ချိစ်(စ်)-ဘာကာနှစ်ခု၊ ပါးလျှစွာလှီးထားသောပန်းသီးစိတ်လေးများနှင့် ရေသန့်တစ်ဗူးကိုလည်း ထည့်သွင်းပေးသွားမည်ဖြစ်သည်။




ယင်းဒေသရှိ ကရုဏာဒါရိုက်တာ Lucia Ercoli ၏ ပြောကြားချက်အရ မိမိတို့ဘက်မှ တောင်းဆိုချက်များကို ၄င်းတို့က ချက်ချင်းလိုက်နာဖြည့်စွက်နိုင်ခြင်းကို ကြည့်ခြင်းဖြင့် ထိုကဲ့သို့ McDonaldနှင့် သဘောတူစာချုပ်ချုပ်ဆိုခဲ့ခြင်းအပေါ်မိမိက စိတ်ကျေနပ်မှုရှိခဲ့ကြောင်း ပြောကြားသွားခဲ့သည်။ Medicina Sociale အနေဖြင့် ဒေသခံ မရှိဆင်းရဲသားတို့၏ ကျန်းမာရေးကိုဂရုစိုက်ရန်နှင့် လိုအပ်သော ဆေးစစ်ကုသမှုများပြုလုပ်ပေးရန် လွန်ခဲ့သောများက Papal Almoner နှင့်လည်း သဘောတူညီချက် ချုပ်ဆိုထားခဲ့ပါသည်။ Medicina Sociale တွင် ဝင်ရောက်အမှုထမ်းကူညီသောသူများနှင့် စေတနာဝန်ထမ်းများကိုလည်း McDonald ကနေ့လည်စာကို ပေးဝေသွားမည်ဖြစ်ကြောင်းကိုလည်း ဗာတီကန်မှ သတင်းရရှိပါသည်။ (CBCM-OSC)

## ပုပ်ရဟန်းမင်းကြီးနှင့် တွေ့ဆုံခွင့် လက်မှတ်သည် ရောင်းကုန်မဟုတ်

ပုပ်ရဟန်းမင်းကြီးဖရစ်စစ်သည် ဗုဒ္ဓဟူးနေ့ စိန်ပီတာရင်ပြင်တွင် လူထုပရိသတ်တို့နှင့်တွေ့ဆုံခြင်း၌ ထိုရင်ပြင်သို့ဝင်လာရန် လက်မှတ်မှာ ငွေပေးဝယ်ရန်မလိုအပ်ကြောင်းကို မိမိ၏ ဩဝါဒအပြီးတွင် အတိအလင်းမိန့်ကြားခဲ့သည်။ ထိုအကြောင်းအရာကို မိန့်ကြားရာတွင်ပုပ်ရဟန်းမင်းကြီးက "ယခုကျွန်ုပ်သည် သင်တို့အားမပြောချင်သောအရာကိုပြောမည်ဖြစ်ပါသည်။ ထိုအရာမှာ ကျွန်ုပ်ပြောရမည့်အရာဖြစ်သည်။ ထိုနေရာသို့ ဝင်ရောက်ရန်လက်မှတ်တွင် ဘာသာစကား(၆)မျိုးခန့်ဖြင့် (ထိုလက်မှတ်သည် အခမဲ့ ဖြစ်သည်) ရေးသားထားပါသည် ၊ သို့နေရာသို့သာမက ခန်းမဆောင်သို့လည်းကောင်း၊ ရင်ပြင်သို့သော်လည်းကောင်းအခမဲ့ဝင်ရောက်လည်ပတ်နိုင်သော နေရာများဖြစ်သည်။ ရဟန်းမင်းကြီး( ရောမမြို့၏ ဆရာတော် ) နှင့် လည်းစကားပြောဆိုနိုင်ပါသည်။ သို့သော်တချို့သောသူများက ထိုလက်မှတ်များကို ရောင်းစားနေသည်ကို ကျွန်ုပ်သိရှိခဲ့ရပါသည်။ သတိထားပါ ထိုနေရာသို့ ဝင်ရန်မှာ အခမဲ့ဖြစ်ပါသည်။ သတိမူဆင်ခြင်ပါ။ မည်သူကမျှဝင်ရောက်ကြည့်ရှုလည်ပတ်သူကိုငွေဖြင့်လက်မှတ်ရောင်းခွင့်မရှိပါ။ ထိုနေရာသို့ဝင်လာရန်မှာ သင်တို့သည် အခကြေးငွေပေးစရာမလိုပါ အကြောင်းမှာ ထိုနေရာ၊ ထိုအိမ်တော်သည် အားလုံးနှင့် သက်ဆိုင်သော၊ အားလုံး၏ အိမ်ပင်ဖြစ်ပါသည်။ သင်တို့အား ထိုနေရာများသို့ဝင်ရောက်ရာ အခကြေးငွေတောင်းခံသောသူသည်၊ အပြစ်ကျူးလွန်သူဖြစ်ပါသည်။ ဆိုးသွမ်းသောသူများဖြစ်သည် မပြုလုပ်သင့်သောအရာကို ပြုလုပ်နေခြင်း ဖြစ်သည်" ဟု ပုပ်ရဟန်းမင်းကြီးက ပြောကြား သွားခဲ့သည်။ (CBCM-OSC)




## ဇန်ဘီယာနိုင်ငံ ရဟန်းမင်းကြီးဆိုင်ရာ သာသနာပြု ဘုန်းတော်ကြီးများ အသင်းအဖွဲ့တွေ့ဆုံခြင်းသတင်း



ရဟန်းမင်းကြီးဆိုင်ရာ သာသနာပြု ကျောင်းထိုင်ဘုန်းတော်ကြီးများ (PMS) နှစ်ပတ်လည် တွေ့ဆုံခြင်း တစ်ခုကို ကျောင်းထိုင်ဘုန်းတော်ကြီးများ အသစ်ရွေးချယ်ခြင်း နှင့် ခရစ်ယာန်ဘုန်းတော်ကြီး အသက်တာဖြင့် ကမ္ဘာနှင့်အဝှမ်း သာသနာပြုလုပ်ငန်းကို ပိုမိုလွတ်လပ်စွာလုပ်ဆောင်နိုင်စေရန် ရည်ရွယ်ချက်တို့ဖြင့် ဇန်ဘီယာနိုင်ငံ Lusaka တွင် ကျင်းပခဲ့သည်။ ဇန်ဘီယာ နိုင်ငံလုံးဆိုင်ရာ ခရစ်ယာန်သာသနာပြုဘုန်းတော်ကြီး များအဖွဲ့ ဒါရိုက်တာ Fr Edwin Mulandu က သင်တို့သည် သင်တို့ အမှုတော်ထမ်း ဆောင်ရာ သာသနာအသီးသီးရှိ ဆရာတော်ကြီးများကို လည်းအစေခံရပါမည်။

သို့မှသာ သင်တို့သည် သင်တို့၏ သာသနာပြုလုပ်ငန်းများကို ကျယ်ပြန့်စွာလုပ်ဆောင်နိုင်ပါလိမ့်မည် ဟု သူကပြောကြားသွားခဲ့သည်။ Lusaka ဂိုဏ်းချုပ် သာသနာနှင့် Mansa သာသနာတို့တွင် ခရစ်ယာန်သာသနာပြုဘုန်းတော်ကြီး (PMS) ကျောင်းထိုင် ဘုန်း တော်ကြီး အသစ်များကို ရရှိခဲ့သည်။

Fr.Mulandu ကလည်း (၂၀၁၆ ) ခုနှစ် (သနား ခြင်းဂျူဘီလီနှစ်) သည်အောင်မြင် သောနှစ်တစ်နှစ်ဟုဆိုရပေမည်။ အသင်းတော် အတွက် အင်မတန်လှပ အောင်မြင်ခဲ့သောနှစ်တစ်နှစ်ဖြစ်ခဲ့သည်။ ကျွန်ုပ်တို့(PMS)သည်လည်း ကျေးဇူးတော်များစွာ ခံစားရရှိခဲ့သည် ဟူ၍ သက်သေခံပြောပြသွားခဲ့သည်။ ရဟန်းမင်းကြီးအသိအမှတ်ပြု ခရစ်ယာန်သာသနာပြု ဘုန်းတော်ကြီးများအဖွဲ့ (PMS) ကျောင်းထိုင်ဘုန်းတော်ကြီးများ နှစ်ပတ်လည်တွေ့ဆုံခြင်းနှင့် အစည်းအဝေးကြီးကို ဗုဒ္ဓဟူးနေ့ တွင် အောင်မြင်စွာ အဆုံးသတ်နိုင်ခဲ့ကြောင်း ဇန်ဘီယာကက်သလစ်ဆရာ တော်ကြီးများရုံး(ZCCB) မှ သတင်းရရှိပါသည်။ (CBCM-OSC)

# မြန်မာနိုင်ငံ ကက်သလစ် ဆရာတော်ကြီးများ၏အစည်းအဝေး

၁၄ ဇန်နဝါရီလ ၂၀၁၇။
ရန်ကုန်။

မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၏ ၂၀၁၇-ခုနှစ်၊ ပထမ(၆)လပတ် မျက်နှာစုံညီ အစည်းအဝေးကြီးကို ဇန်နဝါရီ ၁၀ မှ ၁၄ အထိ မြန်မာနိုင်ငံကက် သလစ်ဆရာ တော်ကြီးများအဖွဲ့ချုပ်ရုံးစိုက်ရာ အမှတ် ၂၉၂-အောပြည်လမ်း၊ စမ်းချောင်း မြို့ နယ်တွင် ပြုလုပ်ခဲ့ပါသည်။ မြန်မာပြည် ကက်သလစ် သာသနာတော်ရှိ သာသနာ (၁၆)ခုစလုံးမှ သိုးထိန်းခေါင်းဆောင်များပေါင်းစု၍သာသနာအရေးကိုသာမကနိုင်ငံသားများနှင့်နိုင်ငံ့အရေးကိုပါဆွေးနွေးခဲ့ကြပါသည်။ထိုဆွေးနွေးချက်များထဲမှ ဘာသာတူအများသိရှိစေရန်ထုတ်ပြန်ခဲ့သည်များကို ယခုလတွင် ဖော်ပြပေး လိုက်ပါသည်။



## ဥက္ကဋ္ဌဆရာတော်က ကြိုဆိုခြင်း

မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်၏ဥက္ကဋ္ဌဖြစ်သူ ဆရာတော် ဖီလစ်လျန်းခင်း ထန်က အစည်းအဝေးသို့ကြွရောက်လာသော ပုပ် ရဟန်းမင်းကြီး၏ ကိုယ်စားလှယ်တော် အာ့ချ်ဘိရှော့ ပေါလ်ချန်အင်နမ်နှင့် ဆရာ တော်ကြီးများအားလုံးကို ကြိုဆိုနှုတ်ခွန်း ဆက်ခဲ့ပါသည်။ အငြိမ်းစားယူသွားခဲ့ ပြီဖြစ်သော ဆရာတော်ကြီး ပေါလ်ဂရောင်နှင့် ဆရာတော် ဆိုတေးရှိဖမောတို့လည်း အစည်းအဝေးသို့ တက်ရောက်လာသည့်အတွက် ၎င်းတို့နှစ်ပါး အငြိမ်း စားယူပြီးသော်လည်း တက်ကြွစွာ ပါဝင်မှုအတွက် ကျေးဇူးတင်ရှိကြောင်း မြွက်ကြား ခဲ့ပါသည်။

## ပုပ်ရဟန်းမင်းကြီး၏ကိုယ်စားလှယ်တော်မိန့်ကြားခဲ့သောအမှာစကား

မြန်မာနိုင်ငံအတွက် ပုပ်ရဟန်းမင်းကြီး၏ ကိုယ်စားလှယ်တော်ဖြစ်သော အာ့ချ်ဘိရှော့ပေါလ်ချန်အင်နမ်က မြန်မာပြည်ကက်သလစ်သာသနာ တော်၏ သိုးထိန်းခေါင်းဆောင်များနှင့် ဆုံတွေ့ရသည့် အတွက် ဝမ်းမြောက်မိကြောင်း၊ မြန်မာပြည်၏လက်ရှိ အခြေအနေမှာ တည်ငြိမ်မှုမရှိသေးသည့်အတွက် ယင်း၏အကျိုးဆက်ကို ပြည်သူပြည်သားများ ခံစားနေ ရကြောင်း၊ နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ကက်သလစ် အသင်းတော်က ယင်းအတွက် စိုးရိမ်ပူပန်မိကြောင်း၊ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အရှင်သူမြတ်ကလည်း မြန်မာပြည်သူတို့၏ဒုက္ခကို သိရှိနားလည်ကြောင်း ဦးစွာမိန့်ကြား ခဲ့သည်။

ထို့နောက် ကိုယ်စားလှယ်တော်ကြီးက ပုပ်ရဟန်းမင်းကြီးဖရန်စစ် လက်ထက် ဗာတီကန်ရုံးတော် အတွင်း ပြုပြင်ပြောင်းလဲမှုများပြုလုပ်ခဲ့သည်တို့ကို ဆရာတော်ကြီးများအား အကျဉ်းချုပ်ရှင်းပြခဲ့သည်။

ထို့ပြင်ပုပ်ရဟန်းမင်းကြီးဖရန်စစ်က ဆရာ တော်ကြီးများသို့ ရေးသားသောစာအကြောင်းကို ရှင်းပြရာတွင် ကလေးသူငယ်များအား အကာအကွယ်ပေးရန်အရေး ကြီးကြောင်းကို အထူးအလေးပေး မိန့်ကြားခဲ့ကြောင်း၊ လိင်ပိုင်းဆိုင်ရာကျူးလွန်ခြင်းခံခဲ့ကြရသူများအတွက် ""ဆုတောင်းခြင်းနှင့် အပြစ်ဒဏ်ဆပ် ဖြေခြင်း နေ့ရက်""ကို သတ်မှတ်ကာ မြို့ရွာဒေသအဆင့်အထိ လုပ်ဆောင်သွားကြရန် ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ် တိုင်းကိုတိုက်တွန်းထားကြောင်း၊ မြန်မာ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ် အနေနှင့်လည်း သက်ငယ်လိင်ပိုင်းဆိုင် ရာကျူးလွန်မှုအားလုံးဂသည်းညည်းမခံဘဲ ထိုက်သင့်သကဲ့သို့ချက်ချင်းအရေး ယူ ဆောင်ရွက်ရန်ညွှန်ကြားထားကြောင်းရှင်း ပြသွားခဲ့သည်။

## ဆရာတော်ဖရန်စစ်၏မေတ္တာရပ်ခံချက်

ဆရာတော် ဖရန်စစ်ဒွေါတန်ကလည်း တိုက်ပွဲများရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများပြုလုပ် ရေးအတွက် တောင်းဆိုရာတွင် မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ် တစ်ခုလုံးကပါ စည်းလုံးတက်ကြွစွာပါဝင်ကြရန် မေတ္တာရပ်ခံခဲ့သည်။

ကာဒီနယ် ချားလ်စ်ဘိုကလည်း ငြိမ်းချမ်းရေး စတစ်ကာများ၊ ဗီနိုင်းများ ရိုက်နှိပ်ကာဖြန့်ဝေကပ်ထားကြရန် တိုက်တွန်းခဲ့သည်။

## ငြိမ်းချမ်းရေးအတွက် လစဉ်လတိုင်းအတူတကွစုဆုတောင်းရမည့်နေ့သတ်မှတ်ခြင်း

ဆရာတော်ကြီးများအဖွဲ့ချုပ်က မြန်မာပြည် ငြိမ်းချမ်းရေးအတွက် လစဉ် လတိုင်း ပထမ သောကြာနေ့တွင် မစ္ဆားတရားပူဇော်ပေးခြင်း၊ ကိုယ်တော်မြတ် ဖူးမျှော်ခြင်း၊ စိပ်ပုတီးစိပ်ခြင်း၊ မြို့ခြံဂါရှောင်၍ ဆုတောင်းခြင်းများ ပြုလုပ်ရန် ဆုံးဖြတ်ခဲ့သည်။ သာသနာအသီးသီးမှ ရဟန်းဘုန်းတော်ကြီးများ၊သူတော်စင်များ၊ဘာသာတူများကလည်း အတူတကွ ပါဝင်ကြရန် တိုက်တွန်းနှိုးဆော်ထားပါသည်။

## နိုင်ငံလုံးဆိုင်ရာငြိမ်းချမ်းရေးဆွေးနွေးပွဲကြီး

ယခုလာမည့်ဧပြီလ၂၆-၂၇ ရက် တို့တွင်နိုင်ငံလုံးဆိုင်ရာ ငြိမ်းချမ်းရေးဆွေးနွေးပွဲကြီးကို ရန်ကုန်မြို့တွင် ကျင်းပရန် ဆရာတော်ကြီးများသဘောတူ ဆုံးဖြတ်ခဲ့ကြသည်။ ထိုဆွေးနွေးပွဲကြီးအတွက် ကာဒီနယ်ချားလ်စ်ဘိုနှင့်အတူ ကရုဏာလူမှုစည်းလုံးညီ ညွတ်ရေးအသင်း(KMSS)နှင့် ငြိမ်းချမ်းရေးနှင့်တရားမျှတရေးကော်မရှင် (JP) တို့က ဦးဆောင်စီစဉ် သွားကြမည်ဖြစ်သည်။

## အာဆီးပါ (AsIPA)အရေး ဆွေးနွေးခြင်း

""အာရှနည်းဟန်ဖြင့်ပြည့်ဝသော သာသနာ ပြုခြင်းနည်းစနစ်"" (Asian Integral Pastoral Approach- AsIPA) နှင့်ပတ်သက်၍ နိုင်ငံလုံးဆိုင်ရာ အတွင်းရေးမှူးဖြစ်သူ Fr. Luca Tha Ling Sum က မြန်မာပြည်ရှိ ကက်သလစ်သာသနာ အသီးသီး၌ လုပ်ဆောင်မည့် အာဆီးပါ အစီအစဉ်များကိုတင်ပြသွားခဲ့သည်။ထိုအစီအစဉ်များတွင် နိုင်ငံလုံးဆိုင်ရာ အဖွဲ့က ကုန်ကျစရိတ်ကို မျှဝေကျခံပေးသွား မည်ဖြစ်သဖြင့် သာသနာအသီးသီးကမိမိတို့သာ သနာအလိုက် အစီအစဉ်များ ရေးဆွဲထားကြရန် လိုအပ်ကြောင်းသိရသည်။

သာမန် ဘာသာတူများဆိုင်ရာ ကော်မရှင် ရုံးခန်းတွင် အာဆီးပါရုံးခန်း၊ မိသားစုရေးရာရုံးခန်းနှင့် အမျိုးသမီးထုဘဝဖွံ့ဖြိုးတိုးတက်ရေးရုံးခန်းများကိုအတူတွဲထားပေးပါသည်။

## စိန့်ဂျွန်မေရီဗီယာနီကက်သလစ်ရဟန်းဖြစ်တက္ကသိုလ်လွိုင်ကော်တွင် အသစ်ဖွင့်လှစ်ခြင်း

တောင်ကြီး၊ လွိုင်ကော်၊ ဖယ်ခုံ၊ တောင်ငူနှင့် ကျိုင်းတုံသာသနာမှ ရဟန်းလောင်းကျောင်းသားများ အတွက် ရဟန်းဖြစ်တက္ကသိုလ်သစ်ကို လွိုင်ကော်တွင် ဖွင့်လှစ်မည့်အကြောင်း အဆိုပါသာသနာများမှ ဆရာတော်များ၏ဆွေးနွေးချက်ကို လွိုင်ကော်ဂိုဏ်းအုပ် ဆရာတော်စတီးဖင်းတေးဖဲက တင်ပြခဲ့သည်။

ယင်းအတွက် လွိုင်ကော်သာသနာကယခင်မိုင်းနားဆေမေနာရီဟောင်းကိုပြန်လည်ပြင်ဆင်မွမ်းမံမည်ဖြစ်ပြီး ကျန်သာသနာများက ကုန်ကျစရိတ်များကို ကူညီကျခံပေးမည်ဖြစ်သည်။ သူတော်စင်အသင်း ဂိုဏ်းများအနေဖြင့်မိမိတို့အသင်းဂိုဏ်းဝင်များကို ထိုရဟန်းဖြစ်တက္ကသိုလ်သို့ စေလွှတ်မည်ဆိုပါက ကုန်ကျစရိတ်များကိုကူညီထည့်ဝင်ပေးရမည်ဖြစ်သည်။

ရဟန်းဖြစ်တက္ကသိုလ်သစ်၏ကျောင်းအုပ်အဖြစ် လွိုင်ကော်သာသနာမှ Fr. Ricardo Gnieri ကို ခန့်အပ်ခဲ့ပြီး ရောမက လည်း အသိအမှတ်ပြုခဲ့ပြီး ဖြစ်သည်။ အောက်ပါဘုန်းတော်ကြီးများကိုလည်းခန့်အပ်ထားကြောင်း သိရသည်။

Fr. John Kawdy (တောင်ငူ)
Fr. Clement Ate (ကျိုင်းတုံ)
Fr. Augustine Ko (ဖယ်ခုံ)
Fr. Paul Plai (တောင်ကြီး)
Fr. Robert Byareh (လွိုင်ကော်)

စိန့်ဂျွန်မေရီဗီယာနီရဟန်းဖြစ်တက္ကသိုလ်ကို ၂၀၁၇-ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် တရားဝင်ဖွင့်လှစ်မည်ဖြစ်သည်။

## မြန်မာအမေရိကန်ကက်သလစ်အဖွဲ့အစည်း

မြန်မာအမေရိကန်ကက်သလစ်အဖွဲ့အစည်း ၏မေတ္တာရပ်ခံအချက်ဆရာတော်ကြီးများအဖွဲ့ချုပ်သည်ဆရာတော်ဂျွန်စောယောဟန်အား အမေရိကန်နိုင်ငံရှိ မြန်မာကက်သလစ်အဖွဲ့အစည်းအတွက်တာဝန်ခံဆရာတော်အဖြစ်ခန့်အပ်ခဲ့ကြသည်။

## နိုင်ငံတော်ထူထောင်ရေး၌ပူးပေါင်း ပါဝင်မည့် ကဏ္ဍကြီး (၅)ရပ်

ကရုဏာ လူမှုစည်းလုံးညီညွတ်ရေးအသင်း မှ ဒါရိုက်တာဖြစ်သူ ဒေါက်တာဝင်းထွန်းကြည်က နိုင်ငံတော်ထူထောင်ရေးအတွက်လမ်းပြမြေပုံကိုရှင်းပြခဲ့သည်။ ယင်းအတွက် -

၁။ ပညာရေးကဏ္ဍ၊
၂။လူမှုဘဝဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ

စာမျက်နှာ (၁၀)သို့

**စာမျက်နှာ (၉)မှအဆက်**

၃။ ဒေသခံလူနည်းစု အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာတရားမျှတမှု ရှိရေးကဏ္ဍ၊
၄။ အမျိုးသမီးထုဘဝဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍ၊
၅။ငြိမ်းချမ်းရေးအတွက်ကိုးကွယ်ယုံကြည်ရာဘာသာတရားအချင်းချင်းပူးပေါင်းလုပ်ဆောင်ရေးကဏ္ဍ၊ အစရှိသည့် ကဏ္ဍကြီး (၅)ရပ်မှ တာဝန် ရှိသူများက မိမိတို့ လုပ်ဆောင်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြသည်။

## ရန်ကုန်ကက်သလစ်ရဟန်းဖြစ်တက္ကသိုလ်မှမေတ္တာရပ်ခံချက်

ရန်ကုန်ကက်သလစ်ရဟန်းဖြစ်တက္ကသိုလ် ၏ကျောင်းအုပ်ဖြစ်သူ Fr. Cyprian အောင်ဝင်းကရဟန်းဖြစ်သင်ကျောင်းသားများအားပြုပြင်ပုံသွင်းရာတွင် ဆရာတော်များနှင့် ရဟန်းဖြစ်တက္ကသိုလ်မှ တာဝန်ခံဘုန်းတော်ကြီးများ အတူလက်တွဲ၍ ပိုမိုပူးပေါင်းလုပ်ဆောင်နိုင်ရန် မေတ္တာရပ်ခံခဲ့သည်။ ရဟန်းဖြစ်တက္ကသိုလ်၌လည်းကောင်း၊ သသနာအတွင်း၌လည်းကောင်း အရက်သေစာကြောင့် ပြဿနာဖြစ်ပွားခြင်းကို အထူးအလေးအနက်ထားကိုင်တွယ်ဖြေရှင်းရန်ဆရာတော်ကြီးများ အဖွဲ့ချုပ်က အတည်ပြုခဲ့သည်။

ရန်ကုန် ရဟန်းဖြစ်တက္ကသိုလ်၏ ဘက်စုံသုံး ခန်းမသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၁ ရက်နေ့တွင် ပြုလုပ် ခဲ့သည်။

## ရဟန်းဖြစ်တက္ကသိုလ်(ဒဿနိကဗေဒဌာန) ဝင်ခွင့်အမှတ်ပြောင်းလဲသတ်မှတ်ခြင်း

ယခုနှစ်မှစတင်၍ ရဟန်းဖြစ်တက္ကသိုလ်(ဒဿနိကဗေဒဌာန)သို့ဝင်ခွင့်အမှတ်ကို နိုင်ငံတကာ စံနှုန်းအတိုင်း (၁၆၀)မှတ်တွင် (၉၂)မှတ်ရရှိမှာသာ အောင်မြင်သည်ဟုသတ်မှတ်လိုက်သည်။ IELTSဖြေဆိုသူများအတွက်မူ အဆင့်(၆) ရရှိရန် လိုအပ် သည်။

## ကလေးသူငယ်များနှင့် ထိခိုက်လွယ်သူများအားကာကွယ်ရေးဆွေးနွေးပွဲ

Fr. Enrico က ကလေး သူငယ်များ အကာအကွယ်ပေးရေး ဆွေးနွေးပွဲကို ၂၀၁၇-ခုနှစ်၊ ဇူလိုင် ၁၃ ရက်မှ ၁၅ ရက်အထိ ကက်သလစ်ရဟန်းဖြစ် တက္ကသိုလ် (ရန်ကုန်)တွင် Fr. Hans Zollner က ဦးဆောင်ဆွေးနွေးမည့်အကြောင်း တင်ပြခဲ့သည်။ ထို ဆွေးနွေးပွဲသို့ သာသနာအသီးသီးမှကိုယ်စားလှယ်(၃)ဦး၊သူတော်စင်အသင်းဂိုဏ်းအသီးသီးမှ ကိုယ်စားလှယ်(၂)ဦး၊ အသင်းအဖွဲ့များနှင့် တမန်တော်လုပ်ငန်းလုပ်ကိုင်သောအဖွဲ့အစည်းများမှကိုယ်စားလှယ် (၂)ဦးစီတက်ရောက်ကြရန် ဖိတ်ခေါ်ထားသည်။

## သစ္စာသုံးပါးခံသူတော်စင်များအဖွဲ့ချုပ်နှင့် ဆွေးနွေးခြင်း

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး အစီအစဉ်ကို အဖွဲ့ဖွဲ့၍ ပြုစုပြီး သစ္စာသုံးပါးခံ သူ တော်စင်များ အဖွဲ့ချုပ်ကလည်း အတည်ပြုခဲ့ပြီးဖြစ် သည်။ ထိုအစီအစဉ်ကိုအကောင်အထည်ဖော်ရန်အတွက် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ကော်မရှင်ကို ၎င်းင်းတို့အဖွဲ့ချုပ်၌ဖွဲ့စည်းထားပြီဖြစ်ကြောင်း သိရသည်။

(၁၇)ကြိမ်မြောက် အာရှ-သမုဒ္ဒရာနိုင်ငံများ ဆိုင်ရာ သစ္စာသုံးပါးခံ သူတော်စင်များ၏အစည်းအ ဝေးပွဲကြီး (AMOR XVII)ကို လာမည့် ဖေဖော်ဝါရီ (၂၆) ရက်မှ မတ်လ(၄)ရက်နေ့အထိ ရန်ကုန်မြို့၊ စိန့်မေရီကာသီဒြယ်ကျောင်းရှိ ခန်းမနှင့် ဆရာတော် ကျောင်းတိုက်တို့တွင် ကျင်းပသွားမည်ဖြစ်သည်။



## မြန်မာပြည်ရဟန်းတော်များအတွက် ဝတ်စောင့်ခြင်းနှင့် သင်တန်း

မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းတော်များကော်မရှင်၏ ဦးဆောင်မှုဖြင့် ရဟန်းတော်များအတွက်ဝတ်စောင့်ခြင်းနှင့် သင်တန်းများကို ပြုလုပ်ပေးလျက်ရှိရာ ၂၀၀၁ -၂၀၀၂ ခုနှစ်တို့၌ ရဟန်းသိက္ခာခံ ယူခဲ့ကြသောဘုန်းတော်ကြီးများအတွက် ဝတ်စောင့်ခြင်းနှင့် သင်တန်းကိုမေလ (၇)ရက်မှ(၁၃)ရက်အထိပြင်ဦးလွင်၊ အနီး စခန်းရှိ နာဇရက်ဝတ်စောင့်ခြင်းဂေဟာ၌ လည်းကောင်း၊၂၀၁၀ခုနှစ်တွင်ရဟန်းသိက္ခာခံ ယူခဲ့ကြသော ဘုန်းတော်ကြီးများအတွက် ဝတ်စောင့်ခြင်းနှင့်သင်တန်းကိုအောက်တိုဘာလထဲတွင်ချောင်းသာ၌လည်းကောင်း ပြုလုပ်ပေးသွားမည်ဖြစ်သည်။

## ဝတ်ပြုကိုးကွယ်ခြင်းကော်မရှင်

ဝတ်ပြုကိုးကွယ်ခြင်းကော်မရှင်၏ နာယက ဖြစ်သူ ဆရာတော်နီကော လားမန်ထန်းက မြန်မာဘာသာဖြင့်မဿစားပူဇော်ခြင်း ပထမပိုင်းကိုပြုစုပြီး ဆရာတော်ကြီးများအဖွဲ့ချုပ်သို့ တင်ပြခဲ့သည်။ ဆရာတော်ကြီးများအနေဖြင့် ပြုစုထား သော စာသားအသုံးအနှုန်းများကိုဖတ်ရှုပြီး လျှင် လိုအပ်သည့်နေရာများ၌ဝေဖန် အကြံ ပြုကြရန်လည်းမေတ္တာရပ်ခံထားပါသည်။

ထိုစာသားအသုံးအနှုန်းများကို နောက်ဆုံး အတည်ပြုရန်အတွက် အလုပ်ရုံ ဆွေးနွေးပွဲကိုလာမည့် မတ်လ (၂၈) ရက်မှ (၃၀)ရက်အထိ ချမ်းသာကုန်း၊ သို့မဟုတ် ပြင်ဦးလွင်တွင် ပြုလုပ် သွားမည်ဖြစ်ကာ OTC နှင့် ဝတ်ပြုကိုး ကွယ်ခြင်း ကော်မရှင်မှ ဘုန်းတော် ကြီးများ၊ ဆရာတော်များ ပါဝင်တက်ရောက်ပြီး ဆွေး နွေးကြရန် ဖိတ်ကြားထားသည်။

## ကျန်းမာရေးကော်မရှင်

ဆရာတော် အလက်ဇန္ဒါးပြုံးချိုက ၂၀၁၆-ခုနှစ်၊ နိုဝင်ဘာ ၂၃ မှ ၂၄ အထိ ဆရာတော်ကြီးများ အဖွဲ့ချုပ်တွင်ကျင်းပခဲ့သော မြန်မာကက်သလစ်ကျန်း မာရေး ကော်မရှင်အစည်းအဝေးပွဲအကြောင်းကို တင်ပြခဲ့သည်။ ကျန်းမာရေးကော်မရှင် မရှိသေးသော သာသနာများအနေဖြင့် ယခုနှစ်အတွင်းကော်မရှင်တစ်ရပ်ဖွဲ့ စည်း တည်ထောင်ရန်မေတ္တာရပ်ခံထားသည်။

## မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီနှင့်မြန်မာနိုင်ငံကျမ်းစာအသင်း

ကာဒီနယ်ချားလ်စ်ဘို၏ ဦးဆောင်လှုပ်ရှား မှုဖြင့် မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်က ၂၀၁၇-ခုနှစ်ကို ငြိမ်းချမ်းရေးမင်္ဂလာနှစ် အဖြစ်သတ်မှတ်ကာ ဆုတောင်းကြရန်၊ မြိုးမြိဂါရှောင်ကြရန်တိုက်တွန်းနှိုးဆော်ခဲ့သည်/

ထိုတိုက်တွန်းနှိုးဆော်ချက်ကို မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များ ကောင်စီ(MCC)က လှိုက်လှိုက်လှဲလှဲလက်ခံ ကာ မိမိတို့၏ခရစ်ယာန် အသင်းတော် အသီးသီးသို့ဆက်လက်နှိုးဆော်တိုက်တွန်းထားကြောင်း ကြားသိရပါသည်။

ဆရာတော်တချို့က ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးအတွက် CBCM နှင့် MCC တို့က ပူးတွဲကြေညာချက်တစ်စောင်ထုတ်ပြန် သင့်ကြောင်း အကြံပြုခဲ့သဖြင့် ထိုပူးတွဲ ကြေညာချက် (စာ - ၂) ကိုလည်း ထုတ်ပြန်ခဲ့ပါသည်။

(Fr. M ညွှန့်ဝေ၊ အောင်မင်းနောင်)

# နိုင်ငံတော်ခေါင်းဆောင်များနှင့် ကက်သလစ် ဆရာတော်ကြီးများတွေ့ဆုံ

၁၅ ဇန်နဝါရီလ ၂၀၁၇။
နေပြည်တော်။

မြန်မာနိုင်ငံတော် အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်နှင့် မန္တလေး ဂိုဏ်းချုပ်ဆရာတော်ပေါလ်ဇရောင်း(ငြိမ်း) ၊ မြစ်ကြီးနားဆရာတော် ဖရန်စစ်ဒေါတန်၊ လားရှိုးဆရာတော် ဖီးလစ်ဇဟောင်း၊ ဗန်းမော်ဆရာတော် ရေမွန်ဆွမ်လုတ်ဂမ် တို့ တွေ့ဆုံခဲ့ကြသည်။

ထိုနည်းတူစွာမြန်မာနိုင်ငံတော်၏ ဒုတိယ သမ္မတဟင်နရီ ဗန်ထီးယို နှင့် ကက်သ လစ် ဆရာတော်ကြီးများဖြစ် ကြသော မန္တလေး ဂိုဏ်းချုပ်ဆရာတော် ကြီး နီကောလပ်စ်မန်းထန်၊ ဟားခါးဆရာတော် လူးချီးစ်အူးစ် ၊ ကလေးဆရာတော် ဖီးလစ် လျန်းခင်းထန်တို့ သည် နေပြည်တော်တွင် သီးသန့်တွေ့ဆုံခဲ့ကြသည်။

နေပြည်တော်ရှိ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်တွင် ရှိမန်ကက်သလစ် အသင်းတော်မှ ဆရာတော် လေးပါးတို့ တွေ့ဆုံခြင်းဖြစ်ပြီး ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ အလွတ်သဘောတွေ့ဆုံခဲ့ခြင်းဖြစ်သည်ဟု ဆရာတော်များနှင့် အတူလိုက်ပါသွားသော ဖာသာတစ်ပါးက ပြောသည်။ "ဆရာတော်တွေနဲ့ဒေါ်အောင်ဆန်းစုကြည်နဲ့ တစ်နာရီလောက်တွေ့ ဆုံပြီးတော့ စကားပြောကြတယ်။ ငြိမ်းချမ်းရေးအတွက် အလွတ်သဘော မိတ်ဆက်တွေ့ဆုံတဲ့သဘောပါဟု မဖျိုမကို ပြောသည်။

ထိုတို့ တွေ့ဆုံဆွေးနွေးမှုအသေး စိတ်ကို မသိရသေးသော်လည်း အဓိက အား ဖြင့် လက်ရှိ ကချင်ပြည်နယ်အတွင်း စစ်ပွဲများ ရပ်တန့်ရန်နှင့် စစ်ရှောင်ဒုက္ခသည်များ အရေး ဆွေးနွေးမည် ဖြစ်ကြောင်း ဖာသာရ် တစ်ပါးက ပြောသည်။ "ဆရာတော်တွေက ဘာမှမပြောသေးလို့ ကျွန်တော်လည်း ပြောလို့ မရသေးဘူး။ သူတို့ ဆွေးနွေးကြတဲ့အကြောင်း အရာ တော့ ရှိမှာပါ။ အထူးသဖြင့် IDP အရေးနဲ့ ပတ်သက်ပြီးတော့ ကချင်ပြည်နယ်မှာ လောလောဆယ် ဖြစ်နေတဲ့ စစ်တွေကို ရပ်ပေးဖို့အတွက် ပြောဆိုကြတာနေမှာပါ" ဟု သူက ဆက်လက် ပြောဆိုသည်။





# Asia-Oceania Meeting Of Religious (AMOR) XVII

# (၁၇)ကြိမ်မြောက် အာရှ-သမုဒ္ဒရာနိုင်ငံများဆိုင်ရာသစ္စာသုံးပါးခံသူတော်စင်များ၏အစည်းအဝေးပွဲကြီး

အာရှသမုဒ္ဒရာနိုင်ငံများ ဆိုင်ရာသစ္စာသုံးပါး ခံသူတော်စင်များ၏အစည်းအဝေးပွဲကြီး (AMOR - အာမော) သည် ကမ္ဘာ တစ်ဝှမ်း ရှိဆင်းရဲခြင်းနှင့်တရားမျှတမှု မရှိ ခြင်းတို့ကိုထိရောက်သောတုန့်ပြန်မှုပေးနိုင်ရန်မွေးဖွားလာသည့် အစည်းအဝေး ပွဲကြီး ဖြစ်ပါသည်။

အာရှသမုဒ္ဒရာနိုင်ငံများအတွင်းကြံ့ခိုင်မှုပိုမိုရှိလာရန်နှင့် ပူးပေါင်းလုပ်ဆောင် မှုများခိုင်မာလာရန်အတွက်ရဟန်းတော်များလည်းပါဝင်လာစေရန်ခွန်အားပေးလျက်ရှိပါသည်။ အာရှ-သမုဒ္ဒရာ နိုင်ငံများဆိုင်ရာသူတော်စင်များနှင့် မိမိတို့၏အဖွဲ့သားများအားလုံး အပြန်အလှန်အထောက်အကူ ပြုနိုင်ရန် နှင့် တက်ကြွစွာလုပ်ဆောင် ကြရန်ရည်ရွယ်၍ အာရှ-သမုဒ္ဒရာနိုင်ငံများဆိုင်ရာနိုင်ငံပေါင်း(၁၁)နိုင်ငံရှိ ကွန်ဖရင့် အသီးသီးမှသူတော်စင်များသည် ၂နှစ် (သို့မဟုတ်) ၃နှစ်တစ်ကြိမ်အတူတကွစုရုံးကြပြီး၊အတွေ့အကြုံများ၊ အတွေးအခေါ်များကို ဤ ဖိုရမ်(Forum)တွင်ဖလှယ်ကြပါသည်။

အများပြည်သူ၏အခြေခံအကြောင်းတရားပေါ်တွင်လက်ခံသဘောတူညီသည့်ကိစ္စရပ်များကို"အာမော" ဖိုရမ်တွင်ဆွေး နွေးကြသည်။ အာရှ-သမုဒ္ဒရာနိုင်ငံများဆိုင်ရာသူတော်စင်များ၏ဖြစ်ရပ်များကို တစ်ထူးတစ်ခြားတုန့်ပြန်သည့်အစီအစဉ်ကြီးလည်းဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး၏ ဆက်နွယ်မှု၊ ၊အားပေးမှု၊ ပတ်သက်မှုတို့ကြောင့် ဤဖိုရမ်ကြီးပြီးဆုံးသည်နှင့် တက်ရောက်လာ ကြသောသူတော်စင်များအနေဖြင့်ဂိညာဉ်ရေး၊ ကာယရေး၊ တလုံးတစ်ဝတည်းတက်ကြွလန်းဆန်းစေမည့်ခွန်အားသစ်ကိုရရှိနိုင်ကြမည်။

၁၉၇၁ခုနှစ်မှအစပြု၍၊ (၄)နှစ်လျှင်တစ်ကြိမ် AMOR (အာမော) အစည်းအဝေးကြီးကိုနိုင်ငံအသီးသီးမှအိမ်ရှင် နိုင်ငံအဖြစ်လက်ခံကျင်းပခဲ့ကြသည်မှာနှစ်ပေါင်း(၄၅)နှစ်ကြာမြင့်ခဲ့ပြီဖြစ်သည်။ကျင်းပသည့်အကြိမ်ရေ အမှတ်စဉ်အလိုက်၊ နံပါတ်စဉ်တပ်ခဲ့ကြရာ၊ယခု(၁၇)ကြိမ်မြောက်အစည်းအဝေးပွဲကြီးကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံ ကျင်းပပေး မည်မှာ အလွန်ဂုဏ်ယူဘွယ်ကောင်းလှပါသည်။

အစည်းအဝေးပွဲကြီး၏ အခမ်းအနားအစီအစဉ်မှာ အောက်ပါအတိုင်း ဖြစ်သည်။ ကျင်းပမည့်နေ့စွဲမှာ၂၀၁၇ခုနှစ်ဖေဖော်ဝါရီလ (၂၆) ရက် မှ မတ်လ (၄) ရက်နေ့အထိဖြစ်၍ ကျင်းပမည့်နေရာမှာ စိန်မေရီ ကာသီဒြယ်သာသနာ့ခန်းမဆောင် ဖြစ်သည်။

အာမော- ၁၇ အစည်းအဝေး ကြီးသည် နိုင်ငံတိုင်း၏သဘာဝ အခြေအနေ၊ ဖြစ်ရပ်မှန်များနှင့် သာသနာပြုအတွေ့ အကြုံများပေါ်တွင် ကွန်ယက်ပြုခြင်း၊ လက်တွဲလုပ်ဆောင်ခြင်းအစရှိသည်တို့ကို ထပ်ဆင့် မွမ်းမံပေးမည့်ဖိုရမ်ကြီးဖြစ်သည်။ ထို့အပြင်၊ ဤလူ့ဘောင်အဖွဲ့အစည်း အတွင်းမြင့်မြတ်သော ဘဝအသက်တာကိုကာကွယ်စောင့်ရှောက်ရန်လိုအပ်သည့် ပြောင်းလဲမှုအတွက်လည်း စိန်ခေါ်မှုကြီးတစ်ရပ် ဖြစ်သည်။

ကွန်ဖရင့်အသီးသီး၏ ဖြစ်ရပ်များ၊အခြေအနေများကိုဆွေးနွေးခြင်းဖြင့် တက်ရောက်သူများကို ပိုမိုရင်းနှီးလာမှုဖြစ်စေပြီး၊ ဆက်ကပ်လိုမှုစိတ်ဓါတ်ကိုပိုမိုရှင်သန်စေမည်ဖြစ်သည်။ ဘဝအတွက်အမြင် သစ်များရရှိပြီး၊ မတူညီသောနိုင်ငံများ၏ စိန်ခေါ်မှုများမှတဆင့် အမျိုးသမီးတို့၏ စွမ်းအားနှင့် အမျိုးသမီး တို့သည် ထူးခြားသောပြောင်းလဲမှုများ လုပ်ဆောင်နိုင်သည်ဟူသောယုံကြည်ချက်ဖြင့် ရှေ့ဆက် လျှောက်လှမ်းနိုင်မည်ဖြစ်သည်။

ရဟန်းမင်းကြီးသတိပေးသည်မှာ -"လူသားများအနေဖြင့်သတ္တလောကကြီး၏ပြောင်းလဲမှုများကိုပျက်စီးစေသည့် အကြောင်းတရားများဖြစ်သော ရာသီဥတုကို ပြောင်းလဲစေခြင်း၊ကမ္ဘာ့ရေထု၊မြေလွှာ၊ လေထုနှင့်ရှင်သန်နေသောအသက်ကိုညစ်ညမ်းစေခြင်းတို့သည်အပြစ်ဖြစ်စေကြောင်းသတိပေးနေသည်။

ရဟန္တာ ဒုတိယမြောက်ဂျွန်ပေါလ်ပြောကြားခဲ့သည့် "ကမ္ဘာမြေကြီးနှင့် ဆက်စပ်မှုအရာအားလုံးပြောင်းလဲရမည်"ဆိုခြင်းသည်ဤအပြစ်ကိုဆပ်ဖြေရန်အလွန်ပင်ဆီလျော် သည့်အကြောင်း တရား ဖြစ်သည်။

ို့အပြင်၊ရဟန်းမင်းကြီးဖရန်စစ်၏ "Laudato Si" စာချွန်လွှာနှင့်လည်း တိုက်ဆိုင်မှုရှိနေသည်။ အာမော-၁၇ အစည်းအဝေးကြီးတွင် ကွန်ဖရင့်အသီးသီးမှကမ္ဘာမြေကြီးဆိုင်ရာသဘာဝပတ်ဝန်းကျင်၏ကိစ္စရပ်များနှင့်ဆက်စပ်မှုများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှု၊အကျိုးသက်ရောက်မှု၊ အရေးယူဆောင်ရွက်မှု၊ အားသာချက်နှင့်အားနည်းချက်များ၊ အနာဂါတ်အတွက်အကြံပြုမှုများအစရှိ သည်တို့ကိုဆွေးနွေးကြမည်ဖြစ်ပါသည်။

ဘုရားသခင် အပ်နှင်းထားသည့်ကမ္ဘာမြေကြီး၏ ကောင်းမွန်လှပမှုများသည်ကျွန်ုပ်တို့၏တာဝန်မဲ့မှု နှင့် အလွဲသုံးစား မှုတို့ဖြင့်ထိခိုက်ဒဏ်ရာရရှိရပြီးဝိုကြွေးမြည်တမ်းလျက်ရှိသည်။ ထို့ကြောင့် အာမော-၁၇ သည် "ကမ္ဘာမြေကြီးနှင့် ဆက်စပ်မှုအရာအားလုံးပြောင်းလဲရန်ခေါ်တော်မူခြင်း" ဟူသောခေါင်းစဉ် ကို ရွေးချယ်၍ အာရှ-သမုဒ္ဒရာနိုင်ငံများဆိုင်ရာ သူတော် စင်များအားအမြင်ဖွင့်ပေးခြင်း၊ သဘာဝ ဥယျာဉ်ခြံစိုက်ပျိုးခြင်း၊ တိရစ္ဆာန်နှင့် ငါးမွေးမြူရေးများပြုလုပ်ခြင်းအစရှိသည့် စီမံကိန်းလုပ်ငန်းများအကောင်အထည် ဖော်ဆောင်ရွက်ကြရန်ရည်ရွယ်သည်။

နိုင်ငံတကာလက်တွေ့ဖြစ်ရပ်များနှင့် အတွေးအခေါ်များကို ဖလှယ်ခြင်းဖြင့်အသိဉာဏ်ပွင့်လင်း၍မိမိတို့ အချင်းချင်းသဟဇာတကျစွာဆက်ဆံနိုင်ပြီး သူတော်စင်ဘဝကို ပိုမိုပေးဆပ်နိုင်ခြင်း၊ဆက်ကပ်နိုင်ခြင်း အစရှိသည်တို့ကိုရည်ရွယ်ပါသည်။ ထို့အပြင်၊ အသင်းတော်အတွင်း၌သာပါဝင်လှုပ်ရှားခြင်းသက်သက် မဟုတ်ဘဲ၊ လူမျိုးဘာသာအသီးသီးသို့ရောက်လှမ်းနိုင်ကြရန်ရည်ရွယ်ပါသည်။

(CRCM)

## CBCM-Herald ၏ရည်မှန်းချက်များ

- ဧဝံဂေလိသတင်းကောင်းကို ထပ်ဆင့်သယ်ပိုးဆောင်ရွက်နိုင်စေရန်၊
- ရဟန်းမင်းကြီးနှင့် အသင်းတော်တစ်ခုလုံးဆိုင်ရာနောက်ဆုံးရ သတင်းများကိုအချိန်မှီ ပို့ဆောင်နိုင်ရန်၊
- မြန်မာနိုင်ငံရှိသာသနာအသီးသီး၊သူတော်စင်ဂိုဏ်းအသီးသီးနှင့်CBCMကော်မရှင်အသီးသီးတို့သည်နီးကပ်စွာ ဆက်သွယ်နိုင်စေရန်၊
- မြန်မာနိုင်ငံသားများအားလုံးကိုကောင်းသောသတင်းများအချိန်မှီ(တစ်လတွင်နှစ်ခါ)ထုတ်ဝေရန်၊နောက်ပိုင်းတွင် အထူးသဖြင့် online ဖြင့်ပေးပို့နိုင်ရန်၊
- အာရှသမ္မာတရားလေလှိုင်းအသံ၏ သတင်းထုတ်လွှင့်ခြင်းများကို အထောက်အကူ ဖြစ်စေရန်၊

# လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းအတွက် ဥရောပ- အာရှ မိတ်ဖက်ဆောင်ရွက်

ဇန်နဝါရီလ ၁၂-၁၄ရက်နေ့၊
ရန် ုနာ၊

လူသားခြင်း စာနာထောက်ထားမှု ဆိုင်ရာ စွမ်းဆောင်ရည်မြှင့် သင်တန်းကို ဇန်နဝါရီလ ၁၂-၁၄ရက်နေ့ထိ ၂၀၁၇ခုနှစ်တွင် KMSS PEACH အဖွဲ့မှ ဦးဆောင်ပြီး KMSS St.Vinsent သင်တန်းခန်းမဆောင်တွင် ဖွင့်လှစ်ခဲ့သည်။ သင်တန်း၏ ရည်ရွယ်ချက်များမှာ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့်မြင့်မားသောစွမ်းဆောင်ရည်ရရှိလာကာ လူသားခြင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုနှင့် နည်းဗျူဟာသတ်မှတ်အဆင့်အလိုက် လုပ်ဆောင်နိုင်စေရန်၊ မိတ်ဖတ် အဖွဲ့အစည်းများအနေဖြင့် အရေးပေါ်အခြေအနေစေတနာ့ဝန်ထမ်းစီမံခန့်ခွဲမှုလုပ်ငန်းစဉ်အား ဥရောပ စံနှုန်းနှင့်အညီ အားကောင်းစွာ လုပ်ဆောင်လာနိုင်စေရန်တို့ဖြစ်သည်။ သင်တန်း၏စီမံကိန်းကာလမှာ ဧပြီလ ဖြစ်ပြီး၂၀၁၆ မှ မတ်လ ၂၀၁၈ အထိဖြစ်ပြီး စီမံကိန်း ခွင့်ပြုအသုံးစရိတ်မှာ ဥရောပငွေ(၈)သိန်းခွဲခန့်ဖြစ်သည်။

သင်တန်းကို ပံ့ပိုးသောအဖွဲ့မှာ Caritas Austriaဖြစ်ပြီး မိတ်ဖက်အဖွဲ့များမှာCaritas Asia, Caritas Bangladesh, Caritas Czech Republic, Caritas India, Caritas Myanmar-KMSS,Caritas Nepal, Caritas Philippines, Caritas Pakistan, Caritas Romania တို့ကြဖြစ်သည်။ သင်တန်း၏လုပ်ဆောင်ချက်များမှာ ဒေသတွင်းဆိုင်ရာ ဆရာဖြစ်သင်တန်း ၊ အတွေ့အကြုံဖလှယ်သည့် အစီအစဉ်များပြုလုပ်ခြင်း၊ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် ရုပ်လုံးဖော်ဆောင်ရွက်ခြင်း၊ စောင့်ကြပ်လေ့လာကြည့်ရှုခြင်း၊သုံးသပ်ခြင်းအစီအစဉ်နှင့် နိုင်ငံအလိုက်ဆင့် ပွားသင်တန်းများပြု လုပ်ခြင်းတို့ဖြစ်သည်။သင်တန်း၌ မျှော်မှန်းရလဒ်များမှာ သင့်လျော်သော လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာ မူဝါဒလမ်းစဉ်များအားလေ့လာသင်ယူပြီး လက်တွေ့ကျင့်သုံးလာမည်။ ဥရောပ သမဂ္ဂစွန့်ဦးစေတနာ့ဝန်ထမ်းပူးပေါင်းဆောင်ရွက်မှု စီမံကိန်းအစီအစဉ်အား နိုင်ငံအဆင့် မိတ်ဖက်ပြုလုပ်ဆောင်ရွက်နိုင်လာမည်။ ဥရောပသမဂ္ဂစေတနာဝန်ထမ်းများ ၊ စေတနာ့ဝန်ထမ်း




ဆောင်ရွက်လိုသူများအား စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ်များနှင့် စံနှုန်းများအရ စီမံခန့်ခွဲမှုပြုလုပ်သွားမည်။ KMSS - ကရုဏာ သာသနာရုံးများအလိုက် စေတနာ့ဝန်ထမ်း စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်ဖွံ့ဖြိုးမှုမြှင့်တင်ခြင်းအားဖြင့် သာသနာနယ်မြေများအတွင်းစေတနာဝန်ထမ်းလုပ်ငန်းများ အားကောင်းလာမည်။ PEACH program ၏နောက်ခံအကြောင်း သိကောင်းစရာများလည်းရှိသည်။ဥရောပသမဂ္ဂ စွန့်ဦးစေတနာ့ဝန်ထမ်း အစီအစဉ်အနေဖြင့် အခြားစေတနာဝန်ထမ်းများအား လူသားခြင်းစာနာထောက်ထားမှု လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများ ဖန်တီးပေးခြင်း ဖြစ်သည်။ ဒေသတွင်း တုန့်ပြန်ဆောင်ရွက်သူများနှင့် အဖွဲ့အစည်းများအနေဖြင့် လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာ ပံ့ပိုးမှုများဆောင်ရွက်ရာတွင် ပိုမိုထိရောက်စေရန်နှင့် မူဝါဒလမ်းစဉ်များကျင့်သုံးရာတွင် လူသားခြင်းစာနာ ထောက်ထားမှုဆိုင်ရာ နည်းစနစ်များနှင့် စွမ်းဆောင်ရည်များ အားကောင်းလာစေရန်ဖြစ်သည်။ ဒေသခံ လူသားခြင်းစာနာထောက်ထား မှုဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် လက်ရှိအချိန်ထိ ကျင့်သုံးနေသည့် စေတနာ့ဝန်ထမ်း စီမံခန့်ခွဲမှုနည်းလမ်းများတွင် ဥရောပစံသတ်မှတ်ချက်များအား ထည့်သွင်းအသုံးပြုစေရန်ဖြစ်သည်။လွှမ်းခြုံရည်ရွယ်ချက်များ ( Overall objectives) လည်းရှိသည်။ ၎င်းတို့သည် -အာရှဒေသတွင်းရှိ Caritas အဖွဲ့ဝင် (၆) နိုင်ငံအနေဖြင့် ဘေးအန္တရာယ်ကျရောက်ချိန်အတွင်း လူမှုရေး ၊ စီးပွားရေး နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆုံးရှုံးမှုများအား ထိရောက်ကောင်းမွန်သော ရပ်ရွာတွင်း ကြိုတင်ကာကွယ်မှုနှင့်ရင်ဆိုင် တုန့်ပြန်နိုင်သောလူသားခြင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းနှင့် နည်းပညာဆိုင်ရာ စွမ်းဆောင်ရည်များအား ကောင်းလာစေရန်တို့ဖြစ်သည်။ ဤစီမံကိန်း၏ ပံ့ပိုးမှုသည် မိတ်ဖက် အဖွဲ့အစည်းများ အနေဖြင့် အာရှဒေသအတွင်း မြောက်များစွာဖြစ်ပေါ်နေသော

- ဘေးအန္တရာယ်များအား တုန့်ပြန်ဆောင်ရွက်မှုဆိုင်ရာ စွမ်းဆောင် ရည်တိုးမြှင့်လာပြီး ရှိရင်းစွဲ အရေးပေါ် အခြေအနေတုန့်ပြန်မှုစနစ် တိုးတက်လာခြင်းနှင့် စေတနာ့ဝန်ထမ်းများ ပိုမိုပါဝင်နိုင်မှုအခြေအနေတိုးမြှင့်လာစေရန်တို့ ဖြစ်သည်။၎င်းနောက် KMSS
- ကရုဏာရုံး၏ လုပ်ဆောင်ချက်များသည်သင့်လျော်သော လူသားခြင်းစာနာ ထောက် ထားမှုဆိုင်ရာ မူဝါဒလမ်းစဉ်များအားလေ့ လာသင်ယူပြီး လက်တွေ့ကျင့်သုံးလာမည်။
- လူသားခြင်းစာနာထောက်ထားမှု မူဝါဒ (၂ ခုထဲမှ ၁ ခု) သင်တန်း အား သာသနာ (၁၀) ခုမှပါဝင်ပြီး တနိုင်ငံလုံးအတိုင်းအတာအနေ ဖြင့်ပြုလုပ်ခြင်း
- လူသားခြင်းစာနာထောက်ထားမှု မူဝါဒ(၂ ခုထဲမှ ၁ ခု) အားကရုဏာ ရုံးများတွင်လက်တွေ့ကျင့် သုံးခြင်း
- ကရုဏာသာသနာနယ်မြေများရှိ စေတနာ့ ဝန်ထမ်းများအား မူဝါဒများ လက်တွေ့ကျင့်သုံးစေရန် အသိပေးသင်ကြားခြင်း

လူသားခြင်း စာနာထောက်ထားမှု မူဝါဒ (၂ ခုထဲမှ ၁ ခု) အား သာသနာ (၁၀) ခု၏ ဘေးအန္တရာယ် ကြိုတင်ပြင် ဆင်မှု အစီအစဉ်များတွင် ထည့်သွင်းရေး ဆွဲခြင်းဖြစ်သည်။

သင်တန်းသို့ တက် ရောက်သော လူငယ်ကော်မရှင်မှ မလင်းလင်းက" အရေးပေါ်အတွက်၊ ကယ်ဆယ်ရေးအတွက် အသေးအမွှား ကိစ္စလေးတွေသွားဖူး တယ်။ ဒါပေမဲ့ သိထားတဲ့ဟာနဲ့တစ်ခြားစီပဲ။ ခုတော့ အချိန်ကာလ အလိုက် အရေး ပေါ်ကိစ္စဖြစ်ခဲ့ ရင် Data အပြည့်အစုံနှင့် action planပါ ဘယ်လို ပြင်ဆင်ပြီး သွားရမယ်ဆိုတာ ကောင်းကောင်း သင်ပေးတော့ အရမ်း ကောင်းတယ်၊ သိပ်သဘော ကျတယ်။ လက်နက် တန်ဆာတပ်ဆင်ပေးသလိုဖြစ်သွား တယ်။ ဒီသင်တန်းကို တက်ရောက်တဲ့သူ အားလုံးဟာ အလိုလိုနဲ့ KMSS အဖွဲ့နှင့် ပေါင်းစပ်ပြီးသွားသလိုလဲ ဖြစ်သွားတယ်။ အရေး ပေါ်ကိစ္စတစ်ခုခုဖြစ်ခဲ့ရင် ဒီအဖွဲ့တွေ ဟာ အတူတူ လုပ်ဆောင်ကြမှာ ဖြစ်တယ်။ ဒီသင်တန်းဟာ ကျွန်မတစ်ယောက်ထဲ အတွက်တောင် အများကြီးအကျိုးရှိတယ် ဆိုတော့ အခြားသူလည်း ကိုယ်စီကိုယ်စီရရှိ ကြမှာ သေချာပါတယ်။ စာရွက်စာတမ်းပဲ လုပ်ပေးရ လုပ်ပေးရ၊ ဘယ်ကဏ္ဍပဲ လုပ်ပေးရ လုပ်ပေးရ အဆင်သင့်ပါပဲ။ ခုတော့ စမ်းတဝါးဝါး မဖြစ်တော့ဘူး။ ဒီသင်တန် းမျိုးကိုဦး ဆောင်ဖွင့်လင့်ပေးသော KMSSမှ အကြီး အကဲများ အထူးသဖြင့် PEACH အဖွဲ့သား များကို ကျေးဇူးအများကြီး တင်ရှိပါတယ်။ မမျှော်လင့်ပဲ ဒီလိုသင်တန်း မျိုးတက်ခွင့် ရတာ ကျေးဇူးတင်မဆုံးလည်း ဖြစ်မိပါတယ်" ဟု ပြောကြားသွားပါသည်။ ။

၎င်းသင်တန်း သို့ KMSS, ECE, Justice & Peace, Youth နှင့် Family ကော်မရှင်အသီးသီးမှ ဝန်ထမ်းများ နှင့် သာသနာ (၁၇)ခုမှ လူငယ် များ စုစုပေါင်း (၃၈)ယောက် တက်ရောက်ခဲ့ကြောင်း KMSS မှ သတင်း ရရှိပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ်လူထုဆက်သွယ်ရေးကော်မရှင်၏ အဓိက အင်္ဂါရပ်ဖြစ်သော အသံပိုင်းဆိုင်ရာ(Radio)၊ ရုပ်ပိုင်းဆိုင်ရာ(Vedio+Audio) နှင့် စာပေပိုင်းဆိုင်ရာ (Literature) တို့ကို ကောင်းမွန်စွာဖွဲ့စည်းနိုင်ရန် ဆက်လက် ကြိုးစားနေပါသည်။ သို့ဖြစ်၍ ကက်သလစ်စာရေးသူ (စာပေဝါသနာရှင်)များအဖွဲ့ကို CBCM-OSC တွင် ဖွဲ့စည်းမည်ဖြစ်ကြောင်း ကြိုတင်အကြောင်းကြားအပ်ပါသည်။ (အက်ဒီတာချုပ်)**

ဆက်သွယ်ရန်။
- CBCM-OSC ရုံး
- မျိုးကြဲသုရုံး

# ရဟန်းဖြစ်တက္ကသိုလ်တွင် ခေါ်တော်မူခြင်းပွဲနေ့ နှင့် ခန်းမဆောင်ဖွင့်ပွဲ

ရန်ကုန် ။ ၂၁၊၁၊၂၀၁၇။




မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းဖြစ်တက္ကသိုလ် သီအော်လော်ဂျီဌာနတွင် နှစ်စဉ် ကျင်းပသော ခေါ်တော်မူခြင်းပွဲနေ့ကို ရန်ကုန်မြို့ မေလိခလမ်းရှိ ယင်းတက္ကသိုလ်တွင် ဇန္နဝါရီလ ၂၁ ရက်နေ့က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။ ပွဲနေ့အခမ်းအနားကို နံနက် ၇ နာရီအချိန်တွင် မစ္ဆားတရားဖြင့်စတင်ဖွင့်လှစ်ခဲ့သည်။ မစ္ဆားတရားတော်မြတ်ကို ရန်ကုန်ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုကဦးဆောင်ပူဇော်ခဲ့ပြီး လက်ထောက် ဆရာတော် ဂျွန်စောယောဟန်နှင့်အတူ ရဟန်းတော် ၃၄ ပါးတို့လည်း အတူပါဝင် ပူဇော်ခဲ့ကြသည်။ ရဟန်းဖြစ်တက္ကသိုလ်ကျောင်းဆင်း ဦးပဉ္စင်းကြီး (၇) ပါးတို့လည်း ဝန်းရံခဲ့ကြသည်။ ရဟန်းဖြစ်တက္ကသိုလ်မှ ရဟန်းလောင်းကိုရင်များ၏ ဓမ္မသံစဉ်များက မစ္ဆားတရားတော်မြတ်အား ပိုမိုအသက်ဝင်စေခဲ့သလို ကိုရင်များ၏ မြိုင်ဆိုင်သောဘင်ခရာ အဖွဲ့ကလည်း ပွဲတော်မြတ်ကို ခမ်းနားကြီးကျယ်စေခဲ့သည်။ ပွဲတော်ရက်ကို ယခင်နှစ်များက ဖေဖော်ဝါရီလအတွင်း ကျင်းပပြုလုပ်ခဲ့ရာ အတန်းတင်စာမေးပွဲနှင့် နီးကပ်လွန်းနေသောကြောင့် ကျောင်းသားလူငယ် မောင်မယ်များ၏ ပါဝင်နိုင်မှုမှာ အားနည်းခဲ့ရသည်။ ယခုနှစ်တွင်မူ ဇန္နဝါရီသို့ပြောင်းရွှေ့ကာ စောပြီးကျင်းပခဲ့ကြသောကြောင့် ကျောင်းသားအရွယ် လူငယ်မောင်မယ် အရေအတွက် ပိုမိုများစွာ ပါဝင်နိုင်ခဲ့ကြသည်။ လူငယ်များအား အုပ်ထိန်းသူများ၊ စစ္စတာများ၊ ဘရာများနှင့် ပွဲတော်ပရိသတ် တစ်ထောင့်ခြောက်ရာကျော်ခန့် ပါဝင်ဆင်နွှဲခဲ့ကြသည်။ လူထုပရိတ်များမှာ ရန်ကုန်မြို့ပေါ်နှင့် အနီးတဝိုက်ရှိ သာသနာအုပ်စုများမှဖြစ်ကြသည်။

မစ္ဆားတရားတော်အတွင်း ကာဒီနယ်ချားလ်စ်က ဩဝါဒမြွက်ကြားရာတွင် ဘုရားသခင်၏ ခေါ်သံကို ကြားလျှင် အလျင်အမြန် ရက်ရောစွာ တုန့်ပြန်ကြရန်လူငယ်မောင်မယ်တို့အား တိုက်တွန်းခဲ့သည်။ နမူနာအဖြစ် ဘုရားသခင်၏ ခေါ်သံကို တုန့်ပြန်ခဲ့သော ပုပ်ရဟန်းမင်းကြီးဖရန်စစ် ဖြစ်လာမည့် ဘရေဂေါ်လီလို၊ ရှိသမျှကို ရောင်းချ စွန့်ကြဲကာ တောကန္တာရထဲသွားရောက်နေထိုင်ခဲ့သော ရဟန္တာ အန်ထော်နီ နှင့် ဆင်းရဲခြင်းကို ပြည့်ဝစွာကျင့်ကြံခဲ့သော ဖရန်စစ် အစီစီတို့အား မီးမောင်းထိုးပြခဲ့သည်။ ထို့ပြင် မိမိကိုယ်ကို ပြန်မေးရန် မေးခွန်းတစ်ခုကို လူငယ်မောင်မယ်များအား ပေးခဲ့သည်။ ထိုမေးခွန်းမှာ "ဘုရားသခင်ငါ့ကို ဘာပြောနေသလဲ"မစ္ဆားတရားတော်မြတ်အဆုံး တွင် ကျောင်းအုပ်ဘုန်းတော်ကြီးစစ်ပရီးယန်အောင်ဝင်းမှကျေးဇူးတင်စကား ပြောကြားရာတွင် ကောင်းမြတ်သော အဖဘုရားသခင်၏ ကျေးဇူးတော်အား ချီးမွမ်းပါကြောင်း၊ မစ္ဆားတရား တော်မြတ်ကို ဦးဆောင် ကျင်းပပေးသော ကာဒီနယ်ချားလ်စ်ဘိုနှင့် ဆရာတော်ဂျွန်စောယောဟန်တို့အား အထူးကျေးဇူးတင်ရှိပါကြောင်း၊ ကြွရောက်ပါဝင်ကြသော ရဟန်းတော်များ၊



သူတော်စင်များနှင့် ဘာသာဝင် လူကြီးမိဘ လူငယ်မောင်မယ်များအားလည်း ကျေးဇူးတင်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ အထူးကျေးဇူး တင်ခြင်းအဖြစ် စိန့်ဂျွန်ပေါလ် ခန်းမဆောင် ဖြစ်မြောက်ရေးအတွက် ရက်ရောစွာ ကူညီပံ့ပိုးခဲ့သော ကာဒီနယ် ချားလ်စ်အား ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ ကာဒီနယ်ကြီးမှလည်း ခေါ်တော်မူခြင်းပွဲကို ယခုကဲ့သို့ စည်းကား သိုက်မြိုက်စွာ ကျင်းပခြင်းအတွက် ကျောင်းဘုန်းတော်ကြီးနှင့်တကွ စာချဘုန်းတော်ကြီးများ၊ ရဟန်းလောင်း ကိုရင်များနှင့်အတူ ပါဝင် ကူညီကြသော သူတော်စင်များ ဘာသာဝင် သားသမီးများအား ဂုဏ်ပြုကာ ကျေးဇူးတင်ကြောင်း မြွက် ကြားခဲ့သည်။

ဆက်လက်ပြီး စိန့်ဂျွန်ပေါလ် ခန်းမဆောင်အား ကောင်းကြီးပေးဖွင့်လှစ်ခြင်း အခမ်းအနားကို မစ္ဆားပြီးသည်နှင့် ကျင်းပခဲ့သည်။ ကိုရင်များအတွက် နေရာထိုင်ခင်းလိုအပ်ချက်ကြောင့် ဆောက်လုပ်ခဲ့ရာမှ ဤကဲ့သို့ သန့်ရှင်းသပ်ရပ်လှပသော ခန်းမတစ်ဆောင်ဖြစ်လာခဲ့ခြင်း ဖြစ်သည်။ ပေ ၅၀ နှင့် ပေ ၄၀ အကျယ်ခန်းမဆောင်ကို အထွေထွေသုံးရန်အတွက် ရည်ရွယ်ထားသည်။ထို့နောက် ခေါ်တော်မူခြင်းပြခန်းကိုဖွင့်လှစ်ပေးခဲ့သည်။ ပြခန်းတွင် သူတော်စင်အသင်းဂိုဏ်းများမှ သူတို့၏ အသင်းဂိုဏ်အကြောင်းများအား ဓါတ်ပုံများ၊ အသုံးအဆောင်ပစ္စည်းများကို ပြသထားကြပြီး ရဟန်းဖြစ် တက္ကသိုလ်၏ ပြခန်းတွင် ဝတ်ပြုကိုးကွယ်ခြင်းတွင် အသုံးပြုသော ဝတ္တုပစ္စည်းများ၊ ပညာဆည်းပူးရာတွင် အသုံးပြုသော ကျမ်းစာများ၊ ကိုးကားစာအုပ်များနှင့်အတူ ကိုရင်များ၏ လှုပ်ရှားမှုဓါတ်ပုံများအား ဝေဝေဆာဆာ ခင်းကျင်းပြသထားသည်။ ခေါ်တော်မူခြင်း ပြခန်းတွင် အသင်းတော်အတွင်း တူညီသော



သာသနာပြု လုပ်ငန်းစဉ်ကို မတူညီသော ပုံစံများဖြင့် လုပ်ဆောင်နေသော သူတော်စင်အသင်းဂိုဏ်းအသီးသီးအကြောင်း လူငယ်များ လေ့လာသိရှိနိုင်ကြသည်။ ကြွရောက်လာသော လူငယ်မောင်မယ်များနှင့် ဧည့်သည်များအားလုံးကို ရဟန်းဖြစ်တက္ကသိုလ်မှ နေ့လည်စာဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး ဖျော်ဖြေရေး အစီအစဉ်များ ခေါ်တော်မူခြင်းအကြောင်း ဟောပြောခြင်းများကို နံနက် ၁၀ နာရီအချိန်တွင် စတင်ပြုလုပ်ခဲ့သည်။

ဖျော်ဖြေရေးအစီအစဉ်များအကြားတွင် ခေါ်တော်မူခြင်းအကြောင်း သိကောင်းစရာများအကြောင်း ဟောပြောခြင်းကို ရဟန်းဖြစ်တက္ကသိုလ်မှ ဝိညာဉ်ရေးလမ်းညွှန် ဘုန်းတော်ကြီး ဖါသာရ် ဗစ်တာမောင်သစ်နှင့် ဆပ်ဖြေခြင်းသီလရှင်ဂိုဏ်းမှ စစ္စတာ မေရီစိန်တို့မှ ဝေမျှဟောပြောခဲ့သည်။ ဖါသာရ် ဗစ်တာ မောင်သစ်က ခေါ်တော်မူခြင်း အသက်တာ၏ နက်နဲဖွယ်ရာအကြောင်းနှင့် သန့်ရှင်းမြင့်မြတ်ခြင်းအကြောင်းများနှင့် လူတိုင်းသည် မိမိခေါ်တော်မူခြင်းလမ်းစဉ်ကို ကျေပွန်စွာ လျှောက်လှမ်းကြရမည်ဖြစ်ကြောင်း ဝေမျှဟောကြားခဲ့သည်။ စစ္စတာမေရီစီကလည်း ဆပ်ဖြေခြင်း သီလရှင် အသင်းဂိုဏ်းအကြောင်းနှင့် အသင်းဂိုဏ်းတည်ထောင်သူတို့၏ အကြောင်းများကို ဝေမျှဟောပြောကာ မိမိကိုယ်တိုင်၏ ခေါ်တော်မူခြင်း ဇာတ်ကြောင်းဖြင့် သက်သေခံခဲ့သည်။ ဖျော်ဖြေရေးအစီအစဉ်များမှာ ရန်ကုန်မြို့ပေါ်နှင့် အနီးတဝိုက် သာသနာအုပ်စုများမှ လူငယ်မောင်မယ်များ၊ ဘုရားစကားအတန်းများမှ ကလေးသူငယ်များ၏ အစီအစဉ်များနှင့် ရဟန်းလောင်း ကိုရင်များ၏ တင်ဆက်မှုများဖြစ်သည်။ ဖျော်ဖြေရေး အစီအစဉ် အများပိုင်းမှာ တေးသရုပ်ဖော်အကများ၊ သီချင်းများနှင့် ရိုးရာအကများဖြစ်သည်။ နောက်ဆုံး အစီအစဉ်မှာ "အမေမတွေ့လိုက်ရသော အဖေ့အပြုံး" ဆိုသည့် ခေါင်းစဉ်ဖြင့် တင်ဆက်သော ကိုရင်များ၏ ပြဇာတ်ဖြစ်သည်။ ထိုပြဇာတ်မှာ လူတိုင်းတွင် ခေါ်တော်မူခြင်း ကိုယ်စီရှိကြကြောင်း ဖော်ကျူးထားသည့် မိသားစုဇာတ်လမ်းတစ်ခုဖြစ်သည်။ တစ်နေ့တာအစီအစဉ်များကို နေ့လည် ၄ နာရီအချိန်တွင် နိဂုံးချုပ်ခဲ့သည်။ (CBCM-osc)

# စိန်ဂျိုးဇက်သီလရှင်အသင်းဂိုဏ်းရောက်ရှိခြင်းနှစ်(၁၅၀)ပြည့်ဂျူဘီလီ

**မန္တလေး။၁၈၊၁၊၂၀၁၇**

မန္တလေး ကက်သလစ်ဂိုဏ်းချုပ် သာသနာသို့ စိန်ဂျိုးဇက်သီလရှင်အသင်းဂိုဏ်းရောက်ရှိခြင်း နှစ်(၁၅၀) ပြည့်နှင့်အတူ ရွှေစင်ဂျူဘီလီရှင် Sr.Roberta Dass , Sr.Marie Therese Khaing ,Sr.Elizabeth Joseph နှင့် ငွေစင်ဂျူဘီလီရှင် Sr.Denis Ja Tawng ၏ ကျေးဇူးတင်ခြင်းမစ္ဆားတရားတော်မြတ်ကို ၁၈၊၁၊၂၀၁၇ ရက်နေ့ နံနက်(၉း၀၀)နာရီက ရွှေနှလုံးတော်ကာသီဒြယ်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ မစ္ဆားတရားတော်မြတ်တွင် မန္တလေးကက်သလစ်ဂိုဏ်းချုပ်သာသနာမှဆရာတော်ကြီးနီကောလာစ်မန်ထန်း၊နှင့်အတူဘုန်းတော်ကြီးများ၊ အနယ်နယ်အရပ်ရပ်မှ သူတော်စင်များနှင့် ဘာသာတူများ ပါဝင်တက်ရောက်ခဲ့ကြပါသည်။ မစ္ဆားတရားတွင် ဆရာတော်ကြီးမှ ဩဝါဒ တရားရေအေးတိုက်ကျွေးရာတွင် ” ဒီကနေ့ဟာ ဘုရားရှင်ရဲ့ ကျေးဇူးတွေ မန္တလေးဂိုဏ်းချုပ် သာသနာမှာသော်လည်းကောင်း၊ စိန်ဂျိုးဇက် သီလရှင် အသင်းဂိုဏ်းပေါ်မှာသော်လည်းကောင်းအထူးကျရောက်တဲ့နေ့ဖြစ်ပြီးဆက်လက်ပြီးမှလည်း ဆထက်ထမ်းပိုး အတူတကွသာသနာပြုနိုင်ကြပါစေကြောင်း၊ သီလရှင်တွေရဲ့ဘဝမှာနှစ်ပေါင်း(၅၀)၊ နှစ်ပေါင်း(၂၅)ဆိုတာဟာ အင်မတန်မှ ဘုရားနဲ့ပိုပြီး ရင်းနှီးလာကာ ဂိညာဉ်ရေးပိုင်းမှာလည်း အင်မတန်လှပရင့်ကျက်လာတဲ့သီလရှင်တွေဖြစ်ကြောင်း၊ ဂျူဘီလီရှင်များဟာလောကမှာ တန်ဖိုးမဖြတ်နိုင်တဲ့ ပုဂ္ဂိုလ်များဖြစ်ကြောင်း၊ ဒါကြောင့်ဂျူဘီလီ



ကျင်းပတယ်ဆိုတာဟာ ဘုရားသခင်ရဲ့ ကျေးဇူးကို ချီးမွမ်းခြင်းဖြစ်ကြောင်း၊ ဘုရားသခင်ပေးလာတဲ့ အခွင့်အရေးတွေကိုပြန်လည်ပြီးတော့မှ တုန့်ပြန်တဲ့ပွဲတော်လည်းဖြစ်ကြောင်း၊ လှပသာယာတဲ့နေ့ဟာ ဘုရားသခင်နဲ့ ထပ်တူထပ်မျှဖြစ်လာတဲ့နေ့ဟာ ကောင်းကင်ရောက်တဲ့နေ့ ဖြစ်ကြောင်းနှင့် စိန်ဂျိုးဇက်သီလရှင်များအားလုံးကိုဘုရားသခင်ကောင်းချီးပေးကာ ဆက်လက်ပြီးသာသနာ့အမှုတော်ကိုဘုရားသခင်ရဲ့အလိုဆန္ဒအတိုင်းပြည့်ဝစွာသူ့ခေတ်ကာလနှင့်ကိုက်ညီမှုရှိစွာ ဆောင်ရွက်နိုင်ကြပါစေလို့ ဆန္ဒပြုကြောင်း၊အထူးသဖြင့်ဂျူဘီလီရှင်များအပေါ် ဘုရားသခင်ထံမှ ကျေးဇူးတော်များဆက်လက်ရရှိနိုင်ပါစေလို့ဆုတောင်းပေးပါတယ် ဟုဩဝါဒတရားရေအေးကိုတိုက်ကျွေးခဲ့ပါသည်။ ထို့နောက် ဂျူဘီလီရှင်များမှကိုယ်တော်မြတ်ရှေ့မှောက်တွင် သစ္စာပြန်လည်ရွတ်ဆိုခဲ့ကြပါသည်။ ထို့နောက်ဂျူဘီလီရှင်များအား စိန်ဂျိုးဇက်သီလရှင်အသင်းဂိုဏ်းအကြီးအကဲ SR.Ritaမှ ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ဂျူဘီလီရှင်များ အားလုံး၏ကိုယ်စား Sr.Denis Ja Tawng မှ ကျေးဇူးတင်စကားပြောကြားရာတွင် ယခုလို ကောင်းချီးတော်နှင့်ပြည့်ဝသောနေ့လေးမှာ သခင်ခရစ်တော်၏ ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းနှင့် ကျေးဇူးတော်များဘုရားသခင်ရဲ့သားသမီးများအားလုံးအပေါ် ခံစားရရှိကြပါစေကြောင်း၊ကျေးဇူးတင်ခြင်းဆိုတာ အရာရာ၌ကျေးဇူးတင်စရာများစွာရှိသည့်အချိန်မှာ ဂျူဘီလီရှင်များကိုယ်စားကျေးဇူးတင်ခွင့်ရရှိသည့်အတွက် အင်မတန်ကိုကျေးဇူးတင်ပါကြောင်း၊ထာဝရဘုရားရှင်နဲ့တကွ ဒီလိုနှစ်ပေါင်းများစွာ အမှုတော်ဆောင်နိုင်ရန်အတွက်ဘုရားသခင်အသုံးပြုတော်မူခဲ့တဲ့အရာတွေ မရေတွက်နိုင်အောင်ရှိတာကိုလည်းဝန်ခံပါတယ်။ ဒီကမ္ဘာမြေကြီးရေ၊မြေလေအတွက်လည်းကျေးဇူးတင်ပါတယ်။ မြင်နိုင်ရာ မမြင်နိုင်ရာ အရာအားလုံးကျမတို့ရဲ့ဘဝအတွက်ဘုရားသခင်တည်ဆောက်ဖို့ အခွင့်ပေးတဲ့အတွက်ကျေးဇူးတင်ပါတယ်။ မိဘ၊ ဆရာ၊ ညီအစ်ကိုမောင်နှမများအားလုံးနှင့် ဩဝါဒတရားရေအေးတိုက်ကျွေးပေးသောဆရာတော်ဘုရားနှင့်တကွဘုန်းတော်ကြီးများ၊ သီလရှင်များနှင့်ဘာသာတူများအားလုံးကိုလည်းကျေးဇူးတင်ကြောင်းနှင့် ယခုလိုအခမ်းအနားဖြစ်မြောက်ဖို့ရန်အတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသူများအားလုံးကိုကျေးဇူးတင်ရင်းပြန်မဆပ်နိုင်သောကျေးဇူးတော်များကိုလည်း ထာဝရဘုရားရှင်မှကြွယ်ဝစွာ တစ်ဦးစီအား ပြန်လည်သွန်းလောင်းချ ပေးသနားတော်မူပါစေလို့ ဂျူဘီလီကောင်းချီးတော်များကို အားလုံးကိုဝေမျှပါတယ်ဟု ကျေးဇူးတင်စကားကိုပြောကြားသွားခဲ့ပါသည်။ အဲ့ဒီနောက်နေ့လည်စာဖြင့်ဧည့်ခံဖျော်ဖြေပြီး ဂျူဘီလီအခမ်းအနားကို အောင်မြင်စွာကျင်းပပြီးစီးခဲ့ပါသည်။

**Pinky (MDY-OSC)**

# ဆပ်ဖြေခြင်းသလရှင်အသင်းဂိုဏ်းမှ ယာယီသစာနှင့်တစ်သက်သစ္စာခံယူခြင်း

ဇန်နဝါရီ (၁၅)ရက်နေ့ နံနက် ၆း၃၀ခန့်တွင် သာသနာ့ခန်းမဆောင်မှ စတင်၍ တစ်သက်သစ္စာနှင့် ပထမသစ္စာခံယူမည့်သီလရှင်တို့အား တောင်ငူသာသနာ တောင်နန်းချိုဘင်ခရာအဖွဲ့ နှင့် ဆပ်ဖြေခြင်းသီလရှင်လောင်းဘင်ခရာအဖွဲ့တို့မှ တောင်ငူသာသနာရွှေနှလုံးတော် ဘုရားရှိခိုးကျောင်းတော်သို့ပင့်ဆောင်ပေးခဲ့သည်။ ပွဲတော်၏မစ္ဆားတရားတော်၌ တောင်ငူဆရာတော်ကြီး အိုက်ဇက်ဓါနမှ တရားရေအေး တိုက်ကျွေးခဲ့သည်။ အီတလီမှ ဆပ်ဖြေခြင်းသီလရှင်စစ္စတာရ်ကြီး (၂)ပါးပါဝင်တက်ရောက်ခဲ့သည်။ မြန်မာပြည်ရှိ အသင်းဂိုဏ်း၏တာဝန်ခံ မာသာရ်ကြီးခရစ္စတင်းအလားသည် မစ္ဆားတရားတော်ကိုလာရောက်ပူဇော်ပေးသော ဆရာတော်ကြီးများ၊ ရဟန်းများနှင့်ပွဲတော်သို့ လာရောက်အားပေးကြသော ဂိုဏ်းအသီးသီးမှသီလရှင်တို့ကိုသော်လည်းကောင်း၊ မိမိ၏သားသမီးကိုရက်ရောစွာဆက်ကပ်ပေးသည့် သီလရှင်တို့၏မိဘတို့ကိုသော်လည်းကောင်း၊ ပွဲတော်သို့ရောက်ရှိလာကြသော ရပ်နီးရပ်ဝေးမှဘာသာတူအားလုံးကိုသော်လည်းကောင်း ကျေးဇူးစကားပြောကြားခဲ့သည်။ ပွဲတော်၌ ဆရာတော်ကြီး(၄)ပါး (တောင်ငူ၊ဖယ်ခုံ၊လွိုင်ကော်၊ကျိုင်းတုံ)၊ ရဟန်း (၃၃)ပါး၊ သီလရှင် (၂၀၀)ပါးနှင့် ဘာသာတူ (၅၀၀)ခန့်တက်ရောက်ခဲ့သည်။

**(ဆပ်ဖြေခြင်းမှ ကြယ်တစ်ပွင့်)**

# အဖိုးထိုက်လှသောသီလရှင်အသင်းဂိုဏ်းမှကတိသစ္စာခံယူခြင်း

ဇန်နဝါရီလ (၁၅)ရက်နေ့၊ မင်္ဂလာဒုံ စိန်အက်ဒွတ် ဘုရားရှိခိုးကျောင်းတွင် အဖိုးထိုက်လှသော အသွေးတော်မြတ် သီလရှင်ဂိုဏ်းမှသီလရှင် (၂)ပါး ပထမကတိသစ္စာခံယူခြင်းပွဲကို ကျင်းပခဲ့သည်။ စစ္စတာရ် ရူဘီနှင့်စစ္စတာ်ရ် ရူဖီးနာတို့သည် ညီအစ်မများဖြစ်ကြပြီး အီတလီတွင် ကာလအတန်ကြာ သီလရှင်နှင့်ဆိုင်သော ဘာသာရပ်များကိုသင်ကြားခဲ့သည်။ ထို့နောက်မြန်မာပြည်ရှိအသွေးတော်ဂိုဏ်း၏ ပထမဆုံးသီလရှင် (၂)ပါးဖြစ်လာခဲ့သည်။ အခမ်းအနား၏မစ္ဆားတရားတော်မြတ်ကို ကျောင်းထိုင်ဘုန်းတော်ကြီး အောင်ထွန်းမှဦးဆောင်ပြီး တရားရေအေးကိုတော့ ဖာသာရ် ဉာဏ်မြင့်မှတိုက်ကျွေးခဲ့သည်။ ပွဲတော်အတွက်နိုင်ငံခြားမှ အသင်းဂုဏ်း၏အကြီးအကဲ Mother Donatellaနှင့်သူ၏လက်ထောက်စစ္စတာရ် Alessandra တို့လာရောက်အားပေးပြီး မဿားတရားတော်အပြီးတွင် Mother Donatellaမှ ကျေးဇူးတင်စကားပြောကြားခဲ့သည်။ စစ္စတာရ်(၂)ပါးကို မင်္ဂလာဒုံစိန်အက်ဒွတ်သာသနာတွင် နေရာချပေးအမှုတော်ထမ်းဆောင်စေခဲ့သည်။ အခမ်းအနားသို့ ရဟန်းတော်(၇)ပါး၊ သီလရှင် (၁၃)ပါးနှင့် ကိုရင်(၄)ပါးနှင့် သာသာသူအမြောက်အများပါဝင်တက်ရောက်ခဲ့သည်။ နိုင်ငံခြားမှ မစ္ဆားအပြီးတွင် စစ္စတာအသစ်(၂)ပါးနှင့် အဖွဲ့လိုက်ဓါတ်ပုံရိုက်ခြင်းနှင့်နေ့လည်စာ ကျွေးမွေးခြင်းများ ပြုလုပ်ခဲ့သည်။





# အဌမအကြိမ်မြောက်သမ္မာကျမ်းစာပြိုင်ပွဲ

**တောင်ကြီးဂိုဏ်းချုပ်သာသနာ**
**၁၄၊၁၊၂၀၁၇။**



သမ္မာကျမ်းစာပြိုင်ပွဲကို (၁၄၊၁၊၂၀၁၇) ရက်နေ့တွင် အောက်မေ့ဘွယ်လေးထပ်တိုက်ခမ်းမှာရုံ၌ ကျင်းပခဲ့ပါသည်။ နံနက်(၇း၁၅)တွင် တာဝန်ခံ ဘုန်းတော်ကြီး Fr. A T Paul ဦးဆောင်ပြီး သမ္မာကျမ်းစာပလ္လင်တင်ခြင်း အခမ်းအနား ပြုလုပ်ခဲ့ပါသည်။ နံနက် (၇း၃၀)နာရီတွင် ပြိုင်ပွဲဝင်အသင်းအဖွဲ့များ ဖိတ်ကြား ထားသောပုဂ္ဂိုလ်များ အားပေးမည့်ပရိသတ်များ စုရုံးရောက်ရှိလာကြပြီး ဒေါ်ဇက်စည်စည်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ကာ အခမ်းအနားကို နံနက် (၇း၄၅) နာရီတွင် စတင်ကျင်းပခဲ့ပါသည်။ အဖွင့်ဆုတောင်းမေတ္တာကို ဘုန်းတော်ကြီး Fr. Peter Than မှ ဦးဆောင်ပြီး " ဆီမီးခွက် " ဓမ္မတေးသီချင်းကို တက်ရောက်လာသော ပရိသတ်များအားလုံး အတူတကွသီဆိုကာ အခမ်းအနားကိုစတင်ခဲ့ပါသည်။ တာဝန်ခံဘုန်းတော်ကြီး Fr. A T Paul မှ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြိုင်ပွဲကို စတင်ခဲ့ပါသည်။ ပြိုင်ပွဲပထမပိုင်းတွင် သက်ထွေး၊ လူငယ်၊ လူကြီးများကို အုပ်စုခွဲပြီး ကြိုတင်သတ် မှတ်ပေးထားသော ကျမ်းပိုဒ်ဖြင့် အလွတ်ရွတ်ဆိုခြင်း ဓမ္မတေးသီချင်းသီဆိုယှဉ်ပြိုင်ခြင်းများပြုလုပ် ကြပါသည်။ ကမ္ဘာဦးကျမ်းနှင့် ကက်သလစ်အသင်းတော်ဆိုင်ရာဗဟုသုတမေးခွန်းကို အလျဉ်းသင့်သလိုကြားဖြတ်မေးမြန်းပြီး ဖြေဆိုနိုင်သူများအားတိုက်ရိုက်ဆုချပေးခဲ့ပါသည်။ ကက်သလစ်အသင်းတော်ဆိုင်ရာမေးခွန်းကို Fr. A T Paul က ဦးဆောင်မေးမြန်းပြီး ကမ္ဘာဦးကျမ်း ဆိုင်ရာမေးခွန်းကို ဦးဂျိုးဇက်စိုင်းရှဲန်မှ ဦးဆောင်မေးမြန်းခဲ့ကြပါသည်။ နေ့လည် (၁၂) နာရီတွင် နေ့လည်စာကို လက်ရေတပြင်တည်း အတူတကွသုံးဆောင်ခဲ့ကြပါသည်။မွန်းလွဲ (၁း၀၀) နာရီတွင်ပြိုင်ပွဲဒုတိယပိုင်းကို စတင်ပါသည်။ ဒုတိယပိုင်းတွင်ကြိုတင်သတ်မှတ်ပေးထားသောထွက်မြောက်ရာကျမ်းကို သရုပ်ဖော် ယှဉ်ပြိုင်ကြပါသည်။ ယှဉ်ပြိုင်မှုအပြီးတွင် ပြိုင်ပွဲနှင့်ပတ်သက်ပြီးအားနည်းချက် အားသာချက်များကို သုံးသပ်ကြပါသည်။ ဘုန်းတော်ကြီး Fr. Peter Than မှ အားပေးအမှာစကားပြောကြားပြီး တာဝန်ခံဘုန်းတော်ကြီး Fr A T Paulမှ ကျေးဇူးတင်စကား ပြောကြားခဲ့ပါသည်။ ၎င်းနောက်ပြိုင်ပွဲဆုရ အသင်းများအားကြေငြာပြီး ဆုချီးမြှင့်ခြင်း အမှတ်ပေးဒိုင်လူကြီးများအား အမှတ်တရလက်ဆောင်ပေးခြင်း ပြိုင်ပွဲအတွက် စားသောက်ဖွယ်ရာများကို တာဝန်ယူပြင်ဆင်ပေးသော သမ္မာကျမ်းစာ အဖွဲ့သားများအား အမှတ်တရလက်ဆောင်များပေးအပ်ခဲ့ကြပါသည်။ အခမ်းအနားအပိတ်သီချင်းအဖြစ် " ဝေနေယျသတ္တဝါ" ဓမ္မတေးသီချင်းကို အတူတကွသီဆိုပြီး တက်ရောက်လာသော ပြိုင်ပွဲဝင်များ ပရိသတ်များအားလုံး ဘုန်းတော်ကြီးများထံမှ ကောင်းချီးမင်္ဂလာခံယူခဲ့ကြကာ တောင်ကြီးကက်သလစ် ဂိုဏ်းချုပ်သာသနာ အဌမအကြိမ်မြောက်သမ္မာကျမ်းစာတော်နေ့ သမ္မာကျမ်းစာပြိုင်ပွဲကို ညနေ (၄း၃၀) နာရီတွင် အောင်မြင်စွာကျင်းပပြီးစီးနိုင်ခဲ့သည့်အတွက် ဘုရား၏ကျေးဇူးတော်ကိုချီးမွမ်းပါသည်။(Sai Sheng –Taunggyi)

# စိန်ဂျိုးဇက်လဖုန်းလူငယ်များ၏ ဒါနအလှူ

**မန္တလေးဂိုဏ်းချုပ်သာသနာ၂၁၊၁၊၂၀၁၇။**

မန္တလေး ကက်သလစ်ဂိုဏ်းချုပ်သာသနာမှ စိန်ဂျိုးဇက် လဖုန်းလူငယ်များသည် တောင်ကြီးမြို့ရှိ စေတမန်သီလရှင်များဖွင့်လှစ်ထားသော ဂျေဘီဂိုဘားတိုမိဘမဲ့ကျောင်း(၂)ကျောင်းနှင့် ဘုရားဖြူရှိကရုဏာရေးသီလရှင်များ ဖွင့်လှစ်ထားသော မသန် စွမ်းမိဘမဲ့ကျောင်းသို့ (၂၁၊၁၊၂၀၁၇) ရက်နေ့က သွားရောက်ကာလှူ ဒါန်းခဲ့ကြပါသည်။ စေတမန်သီလရှင်များဖွင့်လှစ်ထားသည့် ဘုရားဖြူရှိ ဂျေဘီဂိုဘားတိုမိဘမဲ့ကျောင်းတွင် မိန်းကလေး ကျောင်းသူစုစုပေါင်း(၆၇)ယောက်ရှိသည်ဟု သိရှိခဲ့ရပါသည်။ မိဘမဲ့ကျောင်းဟု ဆိုသော်လည်း တောဘက် နယ်စွန်နယ်ဖျားမှ မိဘရှိကာ ကျောင်းထားပေးရန်အတွက် အလွန်ခက်ခဲပြီးကျွေးမွေးပြုစုရန် မတတ်နိုင်သည့်မိသားစုများမှလည်းလာပို့ထားသည်ဟုလည်းသိရှိရပါသည်။ကျောင်းသူများမှာသူငယ်တန်းမှ စတင်ကာတက္ကသိုလ်ဝင်တန်းထိ ရှိသည်ဟုလည်းသိရှိရပါသည်။ အဆိုပါကျောင်းတွင်ကျောင်းသူများ၏ နေ့စဥ်စားဝတ်နေရေးအတွက်အလှူရှင်သုံးလေးဦး၏လှူဒါန်းပေးနေမှုနှင့် လည်ပတ်နေသည်ဟု ဂျေဘီဂိုဘားတို သစ်တောစေတမန် သီလရှင်ကျောင်းတာဝန်ခံစစ္စတာရ်ထံမှသိရှိရသည်။ စေတမန်သီလရှင်အသင်းဂိုဏ်းမှစစ္စတာရ်ကြီးဂျိုစဖင်းမှလည်း အခုလိုမျိုးမန္တလေးဘက်ကလူတွေလာ လှူဒါန်းတာမျိုးတစ်ခါမှမျှော်လင့်မထားခဲ့ဘူးကြောင်း၊ ယခုလိုရောက်ရှိလာကြတဲ့အတွက်ကြောင့်အထူးပဲကျေးဇူးတင်ကြောင်း၊ အမြဲတမ်းကြိုဆိုနေကြောင်းနှင့်အခြေအနေပေးသည့်အခါတိုင်း အမြဲတမ်းလာရောက်ဖို့ ဖိတ်ခေါ်ပါကြောင်း၊ ယခုလိုကျောင်းသို့လာရောက်လှူဒါန်းခြင်းနှင့်အတူကျောင်းသူများအား ဂိမ်းများပါ ကစားပေးတဲ့အခါ ကလေးတွေလည်းပျော်သလိုစစ္စတာရ်ကိုယ်တိုင်လည်းပျော်ရတဲ့အတွက်ကြောင့် အထူးပင်ကျေးဇူးတင်တယ်ဟုပြောပြခဲ့ပါသည်။ အဆိုပါစေတမန်သီလရှင်များ၏ ဂျေဘီဂိုဘားတိုမိဘမဲ့ကျောင်းတွင်ကျောင်းသူစုစုပေါင်း (၃၀)ဦးရှိသည်ဟုသိရသည်။ဆက်လက်ပြီးဘုရားဖြူရှိကရုဏာရေးသီလရှင်များ ဖွင့်လှစ်ထားသည့် မသန်စွမ်းမိဘမဲ့ကျောင်းသို့တောင်ကြီးရှိနယ်ခံမှလေ့လာရေးအဖြစ် လိုက်ပြရင်းထိုကျောင်းရှိ တာဝန်ခံစစ္စတာရ်တစ်ပါးမှ ကျောင်းတစ်ဝန်းလုံးရှိ မသန်စွမ်းများထားရှိသည့်အခန်း များအားခေါ်ဆောင်၍ လိုက်လံပြသပေးသည့်အခါ စိန်ဂျိုးဇက်လူငယ်မောင်မယ်များသည်ရင်ထဲတွင် ဝမ်းနည်းမှုကိုခံစားရ ကာမိမိတို့၏ပါရှိသည့်မုန်းဖိုးထဲမှစုစုပေါင်း အလှူငွေငါးသောင်းကျပ်ကောက်ခံရရှိပြီးလူငယ်ကော်မရှင်၏ရံပုံငွေမှ(၅)သောင်းနှင့်စုစုပေါင်း(၁)သိန်းကျပ်ကို လှူဒါန်းနိုင်ခဲ့ပါသည်။ စိန်ဂျိုးဇက်လူငယ်ကော်မရှင်ရံပုံငွေဖြင့် စေတမန်သီလရှင်များဖွင့် လှစ်ထားသည့် သစ်တောစေတမန်ကျောင်းအား အလှူငွေကျပ်(၂)သိန်း၊ ဂျေဘီဂိုဘားတိုကျောင်းအားအလှူငွေကျပ်(၁)သိန်းနှင့် ကျောင်းနှစ်ကျောင်းပေါင်းအယောက်(၁၀၀)စာစာရေးကိရိယာပစ္စည်းငွေကျပ် တန်ဖိုး(၁)သိန်းဖိုးနှင့် ရပ်ကွက်အတွင်းမှ အလှူရှင်တစ်ဦးမှစောင် (၁၀)၊ ၎င်းတို့ မသုံးဆောင်တော့သည့် အဝတ်အစားများအား လှူဒါန်းခဲ့ပါသည်။



တစ်ဦးမေတ္တာ တစ်ဦးစေတနာဆိုသည့်အတိုင်း စေတမန်သီလရှင်များမှလည်း စိန်ဂျိုးဇက်လူငယ်များအားသစ်တောကျောင်းမှနေ့လည်စာဖြင့် ဧည့်ခံပြီးဂျေဘီဂိုဘားတိုကျောင်းမှညစာဖြင့် ပြန်လည်ဧည့်ခံပေးခဲ့ပါသည်။စိန်ဂျိုးဇက်လဖုန်းလူငယ်ကော်မရှင်အနေဖြင့်ယခုကဲ့သို့ လှူဒါန်းခြင်းသည် တတိယအကြိမ်မြောက် ဖြစ်ပါသည်။ ယခုလိုတောင်ကြီးသို့ သွားရောက်လှူဒါန်းဖြစ်ခြင်း၏ အဓိကရည်ရွယ်ချက်သည်လည်း လူသူ အရောက်အပေါက် နည်းသည့်ကျောင်းသို့သွားရောက်လှူဒါန်းလိုသည့်အတွက်ကြောင့်တောင်ကြီးမြို့ရှိစေတမန်သီလရှင်များဖွင့်လှစ် ထားသည့် ဂျေဘီဂိုဘားတို မိဘမဲ့ကျောင်း(၂) ကျောင်းသို့သွားရောက် လှူဒါန်းဖြစ်ခဲ့ခြင်းဖြစ်ပါသည်။ ယခုလိုသွားရောက်လှူဒါန်းရာတွင် လှူဒါန်းသည့်အလှူငွေသည် လူငယ်ကော်မရှင်၏ရံပုံငွေမှလှူဒါန်းပြီး၊ ရပ်ကွက်အတွင်းမှအလှူရှင်တချို့မှလည်း မိမိတို့၏အသုံးမပြုတော့သည့်အဝတ်အစားများနှင့်အချို့မှာတပိုင်တနိုင်စောင်အသစ်များဝယ်၍လှူဒါန်းမှုတွင်ပါဝင်ခဲ့ပါသည်။ တောင်ကြီးထိသွားရောက်လှူဒါန်းသည့် လမ်းခရီးစရိတ်နှင့် တည်းခိုစရိတ်များမှာလူငယ်များ၏ကိုယ်ပိုင်အသုံးစရိတ်များဖြင့်သွားရောက်ခဲ့ခြင်းဖြစ်ပါသည်။ စိန်ဂျိုးဇက်လူငယ်ကော်မရှင်မှလူငယ်များအနေဖြင့်ယခုကဲ့သို့လှူဒါန်းမှုအားတစ်နှစ်လျှင်တစ်ကြိမ် အနည်းဆုံးလှူဒါန်းနိုင်ရန်ကြိုးစားသွားမည်ဟုသိရှိရပါသည်။

**Pinky( MDY-OSC)**

# အာရှသမ္မာတရားအသံလွှင့်ဌာန မြန်မာဘာသာအစီအစဉ်သောတရှင်တွေ့ဆုံပွဲ

**ရန်ကုန်။**

နှစ်စဉ် ကျင်းပပြုလုပ်သော အာရှသမ္မာတရားအသံလွှင့်ဌာန မြန်မာဘာသာ အစီအစဉ်၏ ရန်ကုန်မြို့ သောတရှင်တွေ့ဆုံပွဲကို (၁၄၊၁၊၂၀၁၇)နေ့ နံနက်(၁၀) နာရီက စိန်မေရီကာသီဒြယ် ခန်းမဆောင် (ရန်ကုန်) မြို့တွင်ကျင်းပပြု လုပ်ခဲ့ပါသည်။

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ လူထုဆက်သွယ်ရေး တာဝန်ခံဘုန်းတော်ကြီး Fr. Leo(SDB) နှင့် Fr. Soe Naing (SDB)၊ RVA မြန်မာဘာသာအစီအစဉ်တာဝန်ခံ Fr.Paulinus မြတ်ကြိုင် (ဖိလစ်ပိုင်)၊ မန္တလေး ဗဟိုအကျိုးတော်ဆောင်ရုံးမှ Coordinator Sr.ရှိစ့်မာတေးဒါ စေးဖောနှင့် RVA တွင် တာဝန်ထမ်းဆောင်ခဲ့သော Fr.Dominic Jo Du နှင့် အနယ်နယ်အရပ်ရပ်မှ RVA ကိုနားဆင်ကြသော သောတရှင် (၅၀)ကျော် ပါဝင်တက်ရောက်ခဲ့ကြပါသည်။

ပထမဦးစွာ တက်ရောက်သူများအားလုံးကို သောတရှင်တစ်ဦးဖြစ်သည့် ဒေါ်မေရီမှ ကြိုဆိုနှုတ်ဆက်စကား ပြောကြားခဲ့ပါသည်။ ထို့နောက် Fr. Jo Du မှ RVA မြန်မာဘာသာအစီအစဉ်တွင် လွန်ခဲ့သည့်နှစ်များစွာက အန်နာလိုင်းမှ ဒစ်ဂျစ်တယ်




လိုင်းသို့ ပြောင်းရွှေ့ခဲ့စဉ်အချိန်ကာလများတွင်လည်း ထုတ်လွှင့်သည့်သူများအနေဖြင့် အခက်အခဲများစွာကို ကျော်လွှားခဲ့ရဖူးကြောင်း ယခုအချိန်တွင်လည်း Digital လိုင်းမှ Online သို့ပြောင်းရွှေ့ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများကိုလည်း ကိုယ်ချင်းစာကြောင်းနှင့်အခက်အခဲများအား စိတ်ရှည်သည်းခံပြီးကျော်ဖြတ်ကြစေဖို့ရန်အတွက် အားပေးစကားကို ပြောကြားခဲ့ပါသည်။ တွေ့ဆုံပွဲသို့ တက်ရောက်လာသူ သောတရှင် တစ်ဦးစီမှ မိတ်ဆက်ခြင်းနှင့် RVA ထုတ်လွှင့်မှုများအပေါ် အကြံပြုစကားများပြောကြားခဲ့ပါသည်။ အကြံပေးစကားပြောကြားသူများထဲမှ ကိုယော်ယော်မှ "RVA ကို အသက်(၁၃)နှစ်အရွယ်မှစတင် နားဆင်ခဲ့ရာ ယခုအသက်(၅၀)ထိ နားဆင်နေကြောင်း၊ ယခုကဲ့သို့သောတရှင်တွေ့ဆုံပွဲကို နှစ်စဉ်ကျင်းပပေးသည့်အတွက်လည်း ကျေးဇူးတင်ကြောင်း၊ လာရောက်ခွင့်ရသည့်အတွက်လည်း ပီတိဖြစ်ရကြောင်း ၊ အသက်ခန္ဓာတည်ရှိနေသမျှ သောတရှင်တွေ့ဆုံပွဲကိုတက်ရောက်သွားမည်ဖြစ်ကြောင်း RVA နားဆင်သည့်အတွက် ခွန်အားများစွာရရှိကြောင်း၊ ယခုအချိန်တွင် online သို့ပြောင်းရွှေ့မည်ကို သိရှိရသဖြင့်လည်း ယခင်ကထက်ပိုမိုကြည်လင်ပြတ်သားသည့်အသံကို အချိန်အခါမရွေး နားဆင်နိုင်မည့်အတွက် ဝမ်းသာကြောင်း" ကိုပြောကြားခဲ့သည်။

ဆက်လက်ပြီး Fr. မြတ်ကြိုင်မှ သောတရှင်များ၏ အကြံပေးချက်များအား ပြန်လည် ရှင်းလင်းဖြေကြားခဲ့ရာတွင် RVA ကိုယခင်(၂)ကြိမ်လွှင့်ရာမှ(၁)ကြိမ် လွှင့်ရခြင်းသည် online အတွက် သင်တန်းပို့ချရာတွင် ကုန်ကျစရိတ် အတွက် မနက်ပိုင်းအစီအစဉ်ထုတ်လွှင့်မှုအား ရပ်နားလိုက်ခြင်းဖြစ်သည်ဟု ပြောကြားခဲ့ပါသည်။

Fr.Leo မှလည်း online အစီအစဉ်သို့ ပြောင်းရွှေ့ရခြင်းအကြောင်းအရင်းများနှင့် သောတရှင်များအနေဖြင့်လည်း radio နားဆင်ရာမှ online အစီအစဉ်တွင်လည်း ဆက်လက်အားပေးရန်တိုက်တွန်းပြောကြားခဲ့ပါသည်။ အစီအစဉ်များထဲတွင် သောတရှင်များအတွက် ရေဒီယိုနှင့် Smart ဖုန်း စုစုပေါင်း(၁၂)လုံးကို မဲဖောက်ပေးခဲ့ပါသည်။ နောက်ဆုံးအစီအစဉ်အနေဖြင့် မန္တလေးဗဟိုအကျိုးတော်ဆောင်ရုံးမှ Coordinator Sr. ရှိစ့်မာတေးဒါ စေးဖောမှကျေးဇူးတင်စကားပြောကြားကာ သောတရှင်တွေ့ဆုံပွဲတက်ရောက်လာသူများနှင့် အမှတ်တရဓါတ်ပုံရိုက်ကူးခြင်းဖြင့် အစီအစဉ်ကို အဆုံးသတ်ခဲ့ပါသည်။ **Pinky (MDY-OSC)**

# စိန်ဖရန်စစ်ဖေးဗီးယားဘရာသာရ်များ နှစ်ပတ်လည်ဝတ်စောင့်ခြင်းနှင့်ပထမယာယီသစ္စာခံယူပွဲ

စိန်ဖရန်စစ်ဖေးဗီယာဘရာသာရ်များ၏ နှစ်ပတ်လည် ဝတ်စောင့်ခြင်းကို (၁၅-၁-၂၀၁၇ မှ ၂၀-၁-၂၀၁၇) ရက်နေ့အထိ ပြုလုပ်ခဲ့ပါသည်။ ၎င်းဝတ်စောင့်ခြင်းကို ရန်ကုန်ဂိုဏ်းချုပ်သာသနာမှ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ် ချားလ်စ်ဦးဆောင်ပေးခဲ့ပါသည်။ ဝတ်စောင့်ခြင်းနေ့ ရက်တိုင်း၌ ဘရာသာရ်များ ငြိမ်ငြိမ်သက်သက်ဖြင့် အမျိုးမျိုးဖြင့် တစ်ရက်ပြီးတစ်ရက် စိတ်ဝင်စားစရာကောင်းသော အချက်လေးတွေဖြင့် ဩဝါဒများဖြင့် တရားရေအေး တိုက်ကျွေးခဲ့ပါသည်။ ကာဒီနယ်မှ အင်တိုက်အားတိုက်ဖြင့် သူတော်စင်ဘဝ၌ ရှိသင့်ရှိထိုက်သော အရာများ၊ ထားသင့်သောစိတ် နေသဘောထားများနှင့် ရှောင်သင့်သောအရာများကို ကာယရေးနှင့် ဝိညာဉ်ရေးပါ ပို၍တိုးတက်နိုင်ရန်အတွက်တိုက်သွန်အားပေးခဲ့ပါသည်။ ကာဒီနယ်၏ဩဝါဒကိုကြားနာခြင်းအားဖြင့်



နှလုံးသားရင်ထဲတွင် မှတ်သားဖွယ်ရာနှင့်အတူ ဝိညာဉ်ခွန်အားအတွက် ပို၍ခွန်အားများရရှိခဲ့ပါသည်။ သူတော်စင်ဘဝ၏ကျင့်စဉ်များဖြင့် သူတော်စင်ပီသအောင်၊ ရရှိထားတဲ့ခေါ်တော်မူခြင်းအသက်တာနှင့်အတူ မိမိတို့ပြုထားသော သစ္စာသုံးပါးနှင့်ညီလျော်စွာ နေထိုင်ကျင့်ကြံကြဖို့လိုအပ်ပါကြောင်း၊ ခံယူထားသော သစ္စာရှင်ဘဝကိုပိုမို လက်တွေ့ကျင့်ဆောင်ပြီးအသင်အတွက်၊ သာသနာအတွက် အကောင်းဆုံးပေးဆပ်ကြဖို့လည်း တိုက်တွန်းခဲ့ပါသည်။

(၂၀-၁-၂၀၁၇) ရက်နေ့ နံနက်(၆း၃၀)နာရီတွင် ပုသိမ်ဂိုဏ်းအုပ်ဆရာတော်ကြီး ဂျွန်မန်းဆိန်ဟို ဦးဆောင်က ညီငယ်ဘရာသာရ်လောင်း(၄)ပါးမှ ပထမယာယီသစ္စာကိုပြုခဲ့ကြသည်။ သစ္စာပြုကြသော ညီငယ် ဘရာသာရ် (၄)ပါးမှာ

- Bro. Fabian မျိုးသန့်စင် (ရန်ကုန်ဂိုဏ်းချုပ်သာသနာ)
- Bro. Alphonsus သူရ (ရန်ကုန်သာသနာ)
- Bro. Louis စင်ဝါးနော် (မြစ်ကြီးနားသာသနာ)
- Bro. Peter Damian ဖန်လီ (ဗန်းမော်သာသနာ) တို့ဖြစ်ကြပါသည်။

ပအိုဝ့်လေး (SFX)

# ဒသာနိကဗေဒဌာနသို့ ပညာသင်ကြားနိုင်ရန်

အမှတ် (၂၂) ချယ်ရီလမ်း၊ ပြင်ဦးလွင်ရှိ ဒသာနိကဗေဒဌာနသို့ ပညာသင်ကြားနိုင်ရန် သတ်မှတ်ထား သောအင်္ဂလိပ်အရည်အချင်းစစ်စာမေးပွဲကိုဇန္နာဝါရီလ (၂၇-၂၈) ရက်တို့ တွင်ဖြေဆို ဖန်နဝါရီလ(၂၇-၂၈) ရက်တို့ တွင်အမှတ် (၂၂) ချယ်ရီလမ်း၊ ပြင်ဦးလွင် မြို့ရှိဒသာနိကဗေဒဌာန၌(၂၀၁၇-၂၀၁၈) ပညာသင်နှစ်အတွက် ပထမနှစ်ရဟန်းလောင်းကိုရင်အဖြစ် တက်ရောက်နိုင်ရန်မြန်မာနိုင်ငံလုံးဆိုင်ရာဆရာတော်ကြီးများအဖွဲ့ ချုပ်မှသတ်မှတ်ထားသောအင်္ဂလိပ် အရည်အချင်းစာမေးပွဲကို တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုအောင်မြင်ထားသောသာသနာနယ် အသီးသီးမှရဟန်းလောင်းကျောင်းသားများကဖြေဆိုကြသည်။ ဤအရည်အချင်းစစ်စာမေး ပွဲကိုဖြေဆိုအောင်မြင်မှ ကက်သလစ်ရဟန်းတစ်ပါးဖြစ်ရန်လိုအပ်သော ပညာရပ်ဖြစ်သည့်သာဒသာနိကဗေဒကို တက်ရောက်ပညာသင်ကြားနိုင်မည်ဖြစ်သည်။ စာစစ်ဌာနများကိုမူဂိုဏ်းချုပ်သာသနာ (၃) ခုတွင်ဖွင့်လှစ်၍တစ်ချိန်တည်းအတူတကွဖြေဆိုကြဖြစ်သည်။ ၎င်းတို့ ဖြေဆိုရမည့်ဘာသာရပ်မှာ အင်္ဂလိပ်တစ်ဘာသာတည်းသာဖြစ်သော်လည်း ကျွမ်းကျင်မှုစွမ်းရည်ကိုအမျိုးအစားခွဲ၍အောက်ပါ တိုင်းဖြေဆိုရမည်ဖြစ်သည်။

(၁) အကြားစွမ်းရည် - ၂၅ မှတ်၊ (၂) အပြောစွမ်းရည်- ၂၅ မှတ်၊ (၃) သဒ္ဒါစွမ်းရည် - ၄၀ မှတ်၊ (၄) အဖတ်စွမ်းရည် - ၄၀ မှတ်၊ (၅) အရေးစွမ်းရည်- ၃၀ မှတ် အသီးသီးဖြစ် ကြပါသည်။ စုစုပေါင်းပေးမှတ်များမှာ (၁၆၉) မှတ် ဖြစ်ပြီး၊ စွမ်းရည်အားလုံးရမှတ် (၈၂) မှတ်ရမှသာလျှင်အောင်မြင်သည်ဟု သတ်မှတ်ကြောင်း၊ စာမေးပွဲ ကိုမူဂျက်ဆွီဘုန်းတော်ကြီးအသင်း မှတာဝန်ယူမေးခွန်းထုတ်ပြီး စစ်ဆေးပေးသွားကြောင်းသ တင်းရရှိပါသည်။(ကိုပိုက်)

ဇန်နဝါရီ လ ၂၂
ပုသိမ်သာသနာ

# ဘုရားကျောင်းသစ်ဖွင့်ပွဲ



"ဖာတီမာ ဘုရားကျောင်းတော်သစ်ဖွင့်လှစ်" ၂၀၁၇ ဇန်နဝါရီ လ ၂၂ ရက်နေ့တွင် ပုသိမ်ဂိုဏ်းအုပ်သာသနာပိုင် အိမ်မဲသာသနာတွင် ဆရာတော်ဂျွန်မန်းဆိမ်းဟိုမှ ဖာတီမာဘုရားကျောင်းတော်သစ်ကို ရေစက်ချ ကောင်းချီးပေးဖွင့်လှစ်ခဲ့ပါသည်။ တနင်္ဂနွေနေ့ နံနက် ၈ နာရီတွင် အဖဆရာတော် ဘုရားသည် ဖာတီမာ ဘုရားကျောင်းတော်သစ်ကို ရဟန်းတော်၅ပါး၊ ဘာသာသူများ ၅၀၀ ကျော်နှင့်အတူ စည်ကားသိုက်မြိုက်စွာ ကောင်းချီးပေး ဖွင့်လှစ်ခဲ့ပါသည်။ ဆက်လက်ပြီး မစ္ဆားတရားကို စတင်ကာ ဤမစ္ဆားတရားတွင် ခရစ္စမားအားပေးခြင်းကို ခံယူမည့် ကလေး ၆၀ ကျော်ကို ခရစ္စမားအားပေးခြင်းပေးခဲ့ပါသည်။ မစ္ဆားတရားအပြီးတွင်ဆရာတော်ဘုရားသည်ဘာသာတူများနှင့် တစ်နာရီခန့် ဝိညာဉ်အစာအာဟာရအတွက် ဆွေးနွေးတိုင်ပင် ပြောဆိုကြပါသည်။ နောက်ဆုံးတွင် အဖဆရာတော်နှင့် ခရစ္စမားအားပေးခြင်းကိုခံယူခဲ့ကြသောကလေးများနှင့် အမှတ်တယဓာတ်ပုံရိုက်ခဲ့ကြပါသည်။ Pathein OSC

# ဖါသာရ်စတီးဗင်း ဝေါင်း၏ နောက်ဆုံးခရီးစဥ် ကောင်းဆန်း

ကျိုင်းတုံသာသနာ။



ကျိုင်းတုံကက်သလစ်သာသနာပိုင်၊ မိုင်းခွန်သာသနာအုပ်စု၊ ကောင်းဆန်းလားဟူရွာ ၌ ၂၆.၁၂.၂၀၁၆ ခုနှစ် စိန်စတီးဖင်းပွဲနေ့ မှာ ဓမ္မအာဇာနည် ဖာသာရ်စတီးဖင်းဝေါင်း ကို အမှတ်ရသောအားဖြင့် မယ်တော်ဂူသစ် ရေစက် ချမင်္ဂလာ ပွဲကို ကျင်းပခဲ့ပါသည်။
၎င်းကောင်းဆန်း လားဟူ ရွာသည် မိုင်းခွန်သာသနာအုပ်စု၏ ပထမဆုံးယုံကြည်သူ ဘာသာသူများဖြစ်ပါသည်။ ဓမ္မအာဇာနည် ဖာသာရ်စတီးဖင်းဝေါင်း ခရီးမတိုင်မီ နောက်ဆုံး ကောင်းဆန်း လားဟူတိုင်းရင်းသားဘာသာတူများနှင့်အတူ မစ္ဆားတရားတော် ပောကြား ခဲ့သော ရွာငယ်လေးဖြစ်ပါသည်။

မိမိ ကိုယ်တိုင်ပြုလုပ်ထားသော တစ်ပေအမြင့် ကရူစူးသစ်သားကားတိုင်ကိုအမှတ် တယအဖြင့်လည်း ချန်ထားခဲ့သည်။ ယနေ့တိုင် ယုံကြည်သူ ဘာသာတူရွာသူ၊ရွာသားများ ဘုရားကောင်းပလင်တင်ထားလျှက်ရှိပါသည်။ ကောင်းဆန်းဘာသာသူများ၏ အလိုဆန္ဒအရ၊ ကောင်းဆန်းဘာသာတူများအတွက် မယ်တော်ဂူ အသစ်ကို ကျိုင်းတုံ မိဘမေတ္တာအိမ်ဆောက်ပစ္စည်းအရောင်းဆိုင်မှ ဦးခင်မောင်ထွန်းနှင့်ဒေါ်နာတာလိနာယာမီ မိသားစုသည် မယ်တော်ဂူအသစ်နှင့် လုဒ်မယ်တော် တစ်ဆူကို သဒ္ဓါတရားရက်ရောစွာဖြင့် ဆောက်လုပ် လှူဒါန်းခဲ့ပါသည်။ ၎င်းမယ်တော်ဂူ ရေစက် သွန်းလောင်းမင်္ဂလာကို ကျိုင်းတုံသာသနာပိုင် ဆရာတော်ကြီးပီတာလွီစ် မှ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပါသည်။

ထို့နောက် ကောင်းဆန်းဘာသာသူများနှင့်အတူ ရပ်နီးရပ်ဝေးရှိယုံကြည်သူ ဘာသာဝင်များ၊ ရဟန်းဘုန်းတော်ကြီးများနှင့်ဂိုဏ်းအသီးသီးမှ သူတော်စင်များ မစ္ဆားတရား တော်မြတ်ကိုဆက်လက်နာယူ ခဲ့ကြသည်။ မယ်တော်ဂူရေစက်ချကောင်းကြီးမင်္ဂလာ တော် ကို ချီးမြင့် ဂုဏ်ပြုဆုတောင်းပေး ပြီးနောက် အခက်ခဲကြားမှဘာသာသူများကိုချစ်သော စိတ်နှင့် ကြွရောက်လာ အဖဆရာတော်ဘုရားနှင့် ရဟန်းဘုန်းတော်ကြီးများ၊သီလရှင်များ၊ ဓမ္မမိတ်ဆွေ ဘာသာသူများကို နယ်ခံဓမ္မဆရာကြီးမှ အထူး ကျေးဇူးတင်စကားပြောကြားခဲ့ပါသည်။ ရှိစ် SdP

# လူငယ်များ ရသ စာပေများဖန်ရန် နိုင်ငံတော်သမတ တိုက်တွန်း

(ရန်ကုန်)

လူငယ်များ အင်တာနက်အသုံးများနေခြင်းကို လျှော့ပြီး ရသစာပေများဖတ်ကြရန် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က တိုက်တွန်းလိုက်ပါသည်။ဇန်နဝါရီလ ၂၂ ရက်နေ့ ရန်ကုန်မြို့ အမျိုးသားပြဇာတ်ရုံတွင် စတင်ကျင်းပသည့် ၂၀၁၇ ခုနှစ် နိဘယ်-မြန်မာ ရသစာပေပွဲတော် ဖွင့်ပွဲအခမ်းအနားကို တက်ရောက်သည့် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ထိုကဲ့သို့တိုက်တွန်းလိုက်ခြင်းဖြစ်ပါသည်။

"စာဖတ်တာ များစေချင်တယ်၊ အထူးသဖြင့် ဖေ့စ်ဘွတ်သုံးတာ အားသန်နေကြတယ်၊ ဖေ့စ်ဘွတ်ကတော့ အကြောင်းအရာတွေကတော့ ရတာပေါ့၊ ဒါပေမဲ့ အခုနက ဆရာကြီး ဦးခင်အေး ပြောသလိုပဲ ရသစာပေကတော့ ဖတ်ကြမှာပဲ၊ တကယ်တမ်း စာပေကိုတော့ ဖတ်စေချင်ပါတယ်၊ စာကြည့်တိုက်ပဲသုံးပေါ့၊ စာအုပ်ဈေးတွေကြီးတယ်ဆိုရင်၊ ရသစာပေကိုတော့ လူငယ်တွေ ဖတ်စေချင်တယ်၊ အင်တာနက်ကိုပဲ သိပ်အားစိုက်နေတာထက်၊ အချိန်လေးတော့ခွဲပြီးတော့ လုပ်စေချင်ပါတယ်၊ လုပ်ဖို့လိုကို လိုပါတယ်၊ ဆရာကြီး ဓနဖြူ မောင်ခင်မင် ပြောသလိုပဲ၊ အဲဒါကိုတော့ အများကျင့်သုံးစေချင်ပါတယ်၊ ရသစာပေဖတ်မှ ဒါမှလည်း စိတ်တွေက မရိုင်းပေမယ့် အခုထက် ပိုပြီး ယဉ်ကျေးလာကြမယ်၊ အဲလိုဖြစ်စေချင်ပါတယ်နော်" ရသစာပေပေါင်းရသစာပေပေါင်းစုံဟာမြင့်မြတ်တဲ့ လူသားချင်းစာနာစိတ်တွေ ဖြစ်ပေါ်စေနိုင်ကြောင်း၊ ရသစာပေကောင်းများထွက်ရန်လိုအပ်ကြောင်း၊ သူတစ်ပါးကိုမထိခိုက်စေသည့် လူတစ်ဦးချင်းစီ၏လွတ်လပ်ခွင့်၊ နိုင်ငံသားအားလုံး၏လွတ်လပ်ခွင့် စာပေလွတ်လပ်ခွင့်များ မြန်မာနိုင်ငံမှာ ရှိလာပြီဖြစ်ကြောင်းနဲ့ တိုးတက်လွတ်လပ်လာသည့် စာပေကိုအခြေခံပြီးနိုင်ငံတိုးတက်ဖို့နဲ့ ငြိမ်းချမ်းခြင်းကိုတည်ဆောက်ကြဖို့လည်း အဖွင့်မိန့်ခွန်းပြောကြားခဲ့ပါသည်။

အခမ်းအနားကို နိုင်ငံတော်သမ္မတဦးထင်ကျော်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးမန်းဝင်းခိုင်သန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က နာယက သူရဦးတင်ဦး၊ ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့ တက်ရောက်ခဲ့ပါတယ်။

ပွဲတော်တွင် နိုင်ငံတကာ စာပေအဖွဲ့အစည်းများ၊ နိဘယ်မြန်မာ စာပေကော်မတီနဲ့ စာအုပ်တိုက်များက ရွေးချယ်ထားသည့် ရသစာပေ မူရင်းစာအုပ်တွေနဲ့ စာရေးသူများ၏ ဓာတ်ပုံများကို ခင်းကျင်းပြသထားပါသည်။

နိဘယ်လ်မြန်မာ စာပေပွဲတော်ကို ဇန်နဝါရီလ ၂၄ ရက်နေ့အထိ သုံးရက်ကြာကျင်းပပြီး စာအုပ်ဆိုင်ပေါင်း ၁၅၀ နီးပါးက စာအုပ်များ ရောင်းချနေပါတယ်။
(Credit to RFA Burmese 22 January.)

# ဒသာနိကပေဒဌာနမှကိုရင်များ၏အလှူကြောင့်သာခုခေါ်စေ၊ ပီတိရွှင်စေသား .

(ပြင်ဦးလွင်)

ဒီဇင်ဘာလ (၂၂) ရက်၊ တတိယပတ်သာမန်တနင်္ဂနွေနေ့ ၌အမှတ် (၂၂) ပြင်ဦးလွင်ရှိရဟန်းလောင်းကိုရင်များက၊ ပြင်ဦးလွင်တွင်စိန်အလိုက်ရှက်သီလရှင်များမှစောင့်ရှောက်ထား သောကလေးများထံသို့ သွားရောက်၍တစ်နေ့တာအလှူအဒါန်းနှင့် ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ခဲ့ပါသည်။ ရဟန်းလောင်းကိုရင်များသည် (၂၀၁၆) ပညာသင်နှစ် အစ၌လည်းတစ်ကြိမ်အဆိုကလေးများဂေဟာ သို့ သွားရောက်၍ယခုကဲ့သို့ အလှူပြုခဲ့ပါသည်။

အဆိုပါဂေဟာတွင်ပညာသင်ကြားနေသောကလေးစုစုပေါင်း (၄၀) ရှိရှိပါသည်။ ၄င်းတို့ သည်မြန်မာနိုင်ငံတစ်နံတစ်လျှားမှရောက်ရှိခိုလိုနေကြသူများဖြစ်ကြပါသည်။ အထူးသဖြင့်စစ် ဘေးသင့်ဒေသနှင့်မိသားစုပြိုကွဲ၊ နွမ်းပါးသောမိသားစုများမှကလေးများဖြစ် ကြပါသည်။

ရဟန်းလောင်းကိုရင်များသည်ဇန္နာဝါရီလ (၁၀) ရက်နေ့ မှ၄င်းတို့ ၏တစ်လတာကြာမြင့်ခဲ့သောခရစ္စမတ်ကျောင်းပိတ်ရက်မှပြန်လည်ရောက်ရှိခဲ့သည်မှာနစ်စွန်းစွန်းသာရှိပါသေးသည်။ ယခုပြုသောအလှူသည်ခရစ္စမတ်ကာလအတွင်းဘာသာတူများမှ၄င်းတို့ အားလှူဒါန်းပေးကမ်း သောအလှူများမှသဒ္ဓါတရားထက်သန်သ လောက်ထည့်ဝင်လှူဒါန်းပြီးမိမိတို့ ထက်ပို၍လိုအပ်နေ သောသူများအားသွားရောက်အားပေး၊ ကူညီခဲ့ခြင်းဖြစ်ပါသည်။

ရဟန်းလောင်းကိုရင်များသည်ကလေးများနေထိုင်သောဂေဟာသို့ နံနက် (၉း၀၀) နာရီခန့်ကသွားရောက်ခဲ့ကြပြီး၊ အချို့ကကလေးများနှင့်ပျော်ပွဲရွှင်ပွဲအစီအစဉ်များကိုပြုလုပ်ပေးခဲ့ကြ ပြီး၊ အချို့သည်မိမိတို့ ၏လက်ရာဖြင့်ကလေးများအားထမင်းမြိန်စေရန် ချက်ပြုတ်ရေး အပိုင်းကိုတာဝန် ယူကာတစ်ယောက်တစ်လက်ပိုင်းကူလုပ်ချက်ပြုတ်ခဲ့ကြပါသည်။

ထို့ နောက်နေ့ လယ်စာကိုရဟန်းလောင်းကိုရင်များနှင့်ကလေးများတစ်သိုက်အတူတကွပျော်ရွှင်စွာစားသောက်ခဲ့ကြပါသည်။နေ့လယ်စာသုံးဆောင်ပြီးနောက်အဆုံးသတ်အစီအစဉ်အနေဖြင့်ရဟန်းလောင်းကိုရင်တစ်ပါးမှတာဝန်ခံသီလရှင်များနှင့်ကလေးများအားလုံးအတွက်အထူးဆုတောင်းပေးခဲ့ပြီး၊ကလေးများအတွက်လိုအပ်မည့်ပစ္စည်းများကိုလည်းတာဝန်ခံသီလရှင်အားလှူ ဒါန်းခဲ့ကြပါသည်။ ထို့အတူတာဝန်ခံသီလရှင်မှလည်း မိသားစုနှင့်ဝေးနေရသောကလေးများအားယခု ကဲ့သို့ လာရောက်၍အားပေးဖော်၊ ပျော်ရွှင်အောင်လာရောက်လုပ်ဆောင်ပေးသည့်အတွက်ကျေးဇူးတင်ပါကြောင်း၊ ကလေးများကလည်းစကားအလှများဖြင့်ကျေးဇူးတင်စကားမဆိုတတ်သော်လည်း၄င်းတို့ ၏ရင်တွင်းဖြစ်ကျေးဇူးစကားကို သီချင်းများသီဆိုပြရင်းတုန့် ပြန်ခဲ့ပါသည်။ ထို့ နောက်ရင်းရင်း နှီးနှီး လက်ဆွဲနှုတ်ဆက်ရင်းနောင်နှစ်ပြန်လည်ဆုံဆည်းမည်ဟုကတိများချွေ၍ တစ်နေ့တာ၏အစီအစဉ်များ ကိုအဆုံးသတ်ခဲ့ကြပါသည်။

ယခုကဲ့သို့ သွားရောက်အားပေးရခြင်းမှာကလေးများအနေဖြင့်အမေ့ခံ၊ အစွန့် ပစ်ခံများမဟုတ်ကြောင်း၊ ရဟန်းလောင်းကိုရင်များကိုမြင်တွေ့ သိရှိရခြင်းဖြင့်အားကျစိတ်၊ ကြိုးစားလိုစိတ်၊လူရည်မွန်၊လူရည်ချွန်များပေါ်ထွက်လာစေရန်ရည်ရွယ်၍လာရောက်အားပေးခြင်း ဖြစ်ကြောင်း၊ မိသားစုနှင့်ဝေးနေရခြင်းမှာတခဏသာဖြစ်၍မြန်မြန်ပြန်ဆုံလိုပါက၊ စာကိုမှန်မှန်ကြိုးစားရန်လည်းအား ပေးခဲ့ပါသည်။

ကလေးများအားပြုခဲ့သောရဟန်းလောင်းကိုရင်များ၏အလှူသည် ၄င်းတို့ အလှူသက်သက်မဟုတ်။ ဘာသာတူများလည်းအနေလှမ်းသော်လည်းပါဝင်ခဲ့သော အလှူဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော်၄င်းတို့ အားကပ်လှူခဲ့သောဘာသာတူများ၏ အလှူများလည်း ပါဝင်သောကြောင့်ဖြစ်ပါသည်။ ကိုရင်များပြုခဲ့သောအလှူသည် နှစ်ဆန်းအလှူလေလား၊ နှစ်ဆုံးအလှူလေလားခေါင်းစီးတပ် ရန်ခဲ့ရပါသည်။ အဘယ်ကြောင့်ဆိုသော် (၂၀၁၇) ၏နှစ်ဦးသည်အစသာရှိသေးသော်လည်း၊ ရဟန်း လောင်းကိုရင်တို့ ၏ (၂၀၁၆-၂၀၁၇) ပညာသင်နှစ်သည်မကြာမီ (မတ်) ပြီးဆုံးတော့မည်ဖြစ်ပါသည်။ မည်သို့ ပင်ဖြစ်စေ အလှူ၏ခေါင်းစဉ်ထက်အလှူပြုသူများ၏စေတနာ၊ အလှူကိုလက်ခံသူတို့ ၏ပီတိသည်သာ အဓိကဖြစ်ပါသည်။ (ပရဟိတ္တပျော်လေး)

## ကျိုင်းတုံမြို့နယ်အတွင်းရှိ အိမ်ခြေ(၁၅၀၀) ကျော်ကို ဆိုလာမီးများ တပ်ဆင်ပေးမည်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ ကျေးရွာအုပ်စု(၁၅)အုပ်စုရှိ အိမ်ခြေ (၁၅၆၇) အိမ်ကို ဆိုလာယူနစ်(All in One)ပစ္စည်း(၁၅၆၇)စုံကို ဖေဖော်ဝါရီလထဲတွင် အပြီးတပ်ဆင်ပေးသွားမည်ဖြစ်ကြောင်းကျိုင်းတုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသိရပါသည်။

ကျေးရွာနေအိမ်ရှင်တွေကအဆိုပြုထားတဲ့အတိုင်း အမျိုးအစား(၃)ခုမှာ ယူနစ် Watt အရ မတူညီသလို၊ မူလပိုင်ရှင်ကပေးသွင်းရတဲ့ငွေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနက စိုက်ထုတ်ကုန် ကျခံကူညီပေးရတဲ့ ကုန်ကျငွေပမာဏ မတူတာတွေရှိပြီး အိမ် ပိုင်ရှင်တွေရဲ့ စိတ်တိုင်းကျ အဆိုပြုထားသလို တပ်ဆင်ပေးသွားမှာဖြစ်ကြောင်း သိရပါသည်။ ဆိုလာယူနစ် အမျိုးအစား (၃)မျိုးကို မူလတောင်းခံတင်ပြအဆိုပြုသူက ပေးသွင်း ရသောငွေပမာဏများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကစိုက်ထုတ် ကူညီပေးခြင်းကြောင့် အမှန်တကယ်ကျသင့်သော တန်ဖိုးထက် (၈၀)ရာခိုင်နှုန်းဝန်းကျင် သက်သာကြောင်းလည်း သိရပါသည်။

ဖေဖော်ဝါရီလထဲမှာ ကျေးရွာတွေကို တပ်ဆင်ပေးမယ့် ဆိုလာလျှပ်စစ်မီးယူနစ် ပစ္စည်းစုံအတွက် Zenith Power ကုမ္ပဏီက တင်ဒါအောင်မြင်ခဲ့ပြီး ဒေသခံတွေကတော့ တက္ကသိုလ်ဝင်တန်း စာမေးပွဲကြီး မဖြေဆိုခင်အချိန်မှာ တပ်ဆင်ပေးစေချင်နေကြပါသည်။ (မြစ်မခ)

## ပိုလ်ချုပ်အောင်ဆန်းဈေးကြီးတွင် ရန်ကုန်မြို့ပြအမွေ အနှစ် အထိမ်းအမှတ်အပြာရောင် ကမ္ပည်းပြား တပ်ဆင်

ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်း စောင့်ရှောက်ရေးအဖွဲ့ (YHT)ရဲ့ (၁၆) ခု မြောက် ရန်ကုန်မြို့ပြ အမွေအနှစ် အထိမ်းအမှတ်အပြာရောင် ကမ္ပည်းပြားကို ဗိုလ်ချုပ်လမ်းပေါ်က ဗိုလ်ချုပ်အောင်ဆန်းဈေးကြီးမှာ ဇန်နဝါရီလ (၂၀) ရက်နေ့မနက်က တပ်ဆင်လိုက်ပါသည်။

ကမ္ပည်းတပ်ဆင်တဲ့ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်ခဲ့သည်ဟု သိရပါသည်။ ဗိုလ်ချုပ်အောင်ဆန်းဈေးမှာ အထူးအောင်မြင်သော အမွေအနှစ် နေရာတစ်ခု ဖြစ်ပြီး အနှစ်သာရနှင့် သဟဇာတဖြစ်အောင် ထိန်းသိမ်းထားနိုင်သည့်အပြင် ရန်ကုန်မြို့ကို လာရောက်လည်ပတ်သူများအတွက် ရွှေတိဂုံဘုရားပြီးလျှင် ဒုတိယအကြီးဆုံး ဆွဲဆောင်မှု လည်းဖြစ်သည်ဟု ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (YHT) ဥက္ကဋ္ဌ ဒေါက်တာ သန်းမြင့်ဦးက ပြောပါသည်။

ဗိုလ်ချုပ်အောင်ဆန်းဈေးကို ၁၉၂၆ ခုနှစ်မှာ စတင်တည်ထောင်ခဲ့ပြီး ဂျပန်ခေတ် တွင် ရဲဘော်သုံးကျိပ်အဖွဲ့ဝင် ဗိုလ်ရန်နိုင်ကို ဂုဏ်ပြုသည့်အနေနှင့် ရန်နိုင်ဈေးဟုခေါ်တွင် ခဲ့ပြီး လွတ်လပ်ရေး ရပြီးသည့်နောက် ဗိုလ်ချုပ်အောင်ဆန်းဈေး ဟု ပြောင်းလဲခဲ့ခြင်း ဖြစ် ပါသည်။ ရန်ကုန်တိုင်းဒေသကြီးထဲမှ သမိုင်းဝင်နေရာများကို လေ့လာခြင်း၊ ကမ္ပည်းများ ထုတ်လုပ်ခြင်းနှင့်တပ်ဆင်ခြင်းများ ဆောင်ရွက်နိုင်ရန် Royal Philips Corporation က အမေရိကန်ဒေါ်လာ (၇၅၀၀၀) ထောက်ပံ့ ပေးခဲ့သည်ဟုလည်းသိရပါသည်။ (မြစ်မခ)

## အထူးစီးပွားရေးဇုန်တည်ရှိရာ ကျောက်ဖြူမြို့နယ်အတွင်း ကျောက်၊ သဲများ ရှားပါးကာ ဈေးကြီးလာမှုကြောင့် ဆောက်လုပ်ရေးလုပ်ငန်းများ အခက်ကြုံတွေ့နေရ

အထူးစီးပွားရေးဇုန်တည်ရှိရာကျောက်ဖြူမြို့နယ်ထဲမှာဆောက်လုပ်ရေး လုပ်ငန်းသုံးကျောက်တွေရှားပါးလာခြင်းနှင့်ဈေးကြီးလာခြင်းကြောင့် ဆောက်လုပ်ရေးကုမ္ပဏီများနှင့် ကန်ထရိုက်တာ တွေအနေဖြင့် အခက်အခဲများဖြစ်နေကြောင်းသတင်းရရှိပါသည်။

ကျောက်၊ သဲထုတ်လုပ်ဖို့မြေနေရာရှားပါးခြင်း၊ ကျောက်ထုတ်လုပ်ကွက်တစ်ချို့ကို ကုမ္ပဏီများလုပ်ငန်းရှင်များက ဈေးကြီးပေးဝယ်ယူခြင်းကြောင့် ကျောက်ထုတ်လုပ်မှုတစ်ချို့ကို သက်ဆိုင်ရာက တားမြစ်ထားသည့်အတွက် ကျောက်၊ သဲများ ရှာပါးလာခြင်းဖြစ်သည် ဟု ဆောက်လုပ်ရေးလုပ်ငန်း လုပ်ကိုင်သူများ က ပြောပြခဲ့သည်။

ကျောက်ဖြူမြို့နယ်ထဲတွင် ၂၀၁၆ ခုနှစ်က ကျောက်တစ်ကျင်းလျှင် အရည် အသွေးနှင့် အမျိုးစားလိုက် ကျပ်(၂၈၀၀၀)ကျော်ကနေ ကျပ်(၄၅၀၀၀)ဝန်းကျင် ရှိခဲ့သော် လည်းယခုအချိန်မှာ ကျပ်(၄၅၀၀၀)မှ ကျပ် (၆၀၀၀၀)အထိ မြင့်တက်နေခြင်း၊ သဲတစ် ကျင်းလျှင် ရေချိုသဲ (၁၈၀၀၀) ကျပ်၊ ရေငံသဲ (၁၄၀၀၀)ကျပ်မှ ရေချိုသဲတစ်ကျင်း ကျပ် (၃၅၀၀၀)နှင့် ရေငံသဲသည်လည်း ကျပ် (၃၀၀၀၀)ဝန်းကျင်ထိ မြင့်တက်နေသည်ဟု သိပါသည်။ ထို့ကြောင့် တစ်ချို့ကုမ္ပဏီများသည် လုပ်ငန်းရပ်ဆိုင်းရမည့်အရေးနှင့် ရင်ဆိုင် နေရမှုများလည်း ရှိနေသည်ဟု သိရပါသည်။ (မြစ်မခ)

## ဇလွန်မြို့နယ်အတွင်းမှ ကျေးရွာ ၇ ရွာ ကမ်းပါးပြိုမှုကြောင့် လက်ရှိ အိမ်ခြေ ၄၀၀ ခန့် ရွှေ့ပြောင်းထားရ

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်ထဲရှိ ကျေးရွာ ၇ ရွာသည် ဧရာဝတီ မြစ်ရေ တိုက်စားပြီး ကမ်းပါးပြိုကျမှုများ ဆက်တိုက်တွေ့ကြုံနေရခြင်းကြောင့် ရွာပျောက် ကွယ်မည့် အရေးနှင့် ရင်ဆိုင်နေရပြီး ဇန်နဝါရီ(၁၇)ရက်နေ့အထိ အိမ်ခြေ ၄၀၀ ခန့် ရွှေ့ပြောင်းထားရသည်ဟု ဒေသခံများထံမှ သိရပါသည်။

ဧရာဝတီမြစ်ကြောင်း ပြောင်းလဲမှုကြောင့် မြစ်ရေတိုက်ရိုက်ထိုးမှုကို ကြုံတွေ့နေ ရတဲ့ ဇလွန်မြို့နယ် အရှေ့ဘက်ခြမ်းက ဖိုးကနန်ထုံ၊ ဗျည်းစဉ်ကုန်း၊ ဉာဏ်ဘော့အိုင်၊ မအူ ချောင်း၊ သာခုချောင်း၊ အုန်းနဲချောင်း၊ မင်းဖံနဲ့ရုံးတောကျေးရွာများ မှဒေသခံများသည် ကမ်းပါးပြိုကျမှုကြောင့် ၂၀၁၆ ခုနှစ်ကစပြီး တစ်ဖြေးဖြေး ရွှေ့ပြောင်းခဲ့တာဖြစ်ပြီး ၂၀၁၇ ဇန်နဂါရီလထဲမှာတော့ ၄ ကြိမ်လောက် ကမ်းပြိုကျခဲ့တဲ့အတွက် ထပ်ပြောင်းဖို့နေရာ မရှိတော့ဘဲ ရွာပျောက်မည့်အရေးနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်ဟု သိရပါသည်။ လက်ရှိ ပြောင်းရွှေ့ထားရသည့် အိမ်များကိုပတ်ဝန်းကျင်ကယာစိုက်ခင်းနှင့် ဆည်မြောင်းဦးစီးဌာနပိုင် တာကင်းတွေမှာ နေရာချထားပေးနိုင်ပေမဲ့လည်း ထပ်ပြောင်း ရွှေ့ရမယ့်အိမ်တွေ အတွက် မြေနေရာမရှိတော့ဘူးလို့ သိရပါတယ်။

တိုင်းဒေသကြီးအစိုးရအဖွဲ့မှာ ထိုဒေသကို အမြန်ဆုံးသွားရောက်စစ်ဆေးပြီး ကမ်းပြိုကမ်းထိန်းလုပ်ငန်းနဲ့ နေရာထိုင်ခင်းတွေကို စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ် သည်ဟု ပြောပါသည်။





# တစ်နှစ်ပြည့်ဆုတောင်းခြင်း

## ဘုန်းတော်ကြီးတာရ်ချစ်ရှိစိုင်းနွံ



ဘုန်းတော်ကြီးတာရ်ချစ်ရှိစိုင်းနွံအား ဘုရားသခင်မှ ပြန်လည်သိမ်းပိုက်ခဲ့သည်မှာ (၁၉.၁.၂၀၁၇) တွင် တစ်နှစ်ပြည့်မည် ဖြစ်သော်လည်း ကျိုင်းတုံကက်သလစ်သာသနာမှ ဘာသာဝင်သားသမီး များက ကိုယ်တော်အား တစ်နေ့မှ မေ့လို့မရနိုင်ပါ။ ကိုယ်တော်၏ ခေါ်တော်မူခြင်းလမ်းစဉ်၌ အဆုံး တိုင်တည်ကြည်မှု၊ရဟန်းအမှုတော်ဆောင်ရာ၌ တရားရေအေးကို အစဉ် အချိန်ယူပြင်ဆင်ပြီး ဟောကြားပေးခဲ့မှု၊ သစ္စာသမ္မာဓိရှိမှု၊ စည်းကမ်း သေသပ်ခြင်းရှိမှုနှင့် တာဝန်ကျေပွန်မှုရှိခြင်း တို့သည် သားသမီးတို့၏ အသက်တာ တစ်လျှောက်လုံး ပုံတုယူစရာ ဖြစ်နေပါ သည်။ ကိုယ်တော်၏ အသက်ဝိညာဉ်သည် ဘုရားသခင်၏ အသနားတော်မြတ်ခံရ၍ ငြိမ်ဝပ်စွာရှိနေ ပါစေသော်။ အာမင်။

ကိုယ်တော်အား

ကြည်ညိုလေးစားသော သားသမီးများ

## သမ္မာကျမ်းစာပြိုင်ပွဲပါဝင်မည့်မေးခွန်းများ နှင့်မေးခွန်းပုံစံများ

၂၀၁၇ ခုနှစ် ညောင်လေးပင်ပွဲတော်တွင်ပြုလုပ်မည့် သမ္မာကျမ်းစာပြိုင်ပွဲတွင် ပါဝင်မည့် မေးခွန်းများ နှင့်မေးခွန်းပုံစံများမှာအောက်ပါအတိုင်းဖြစ်ကြောင်း အသိပေးဖော်ပြအပ်ပါ သည်။

၁။ မေးခွန်းပုံစံများမှာ (က)အမှားအမှန်ရွေးခြင်း၊ (ခ)အမှန်ဆုံးအားရွေးချယ်ခြင်း၊ (ဂ)ကွက်လပ်ဖြည့်ခြင်းများ။

၂။ မေးမြန်းမည့်သမ္မာကျမ်းစာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ (က)မိုးဇယ်၏ ကျမ်း(၅)စောင်နှင့်ရာဇဝင်ကျမ်းများ၊ (ခ)ပရောဖက်ကျမ်းများ၊ (ဂ)တမန်တော်ဝတ္ထု ရှင်ပေါလုပေးစာနှင့် ဟေဗြဲဩဝါဒ၊ (ဃ)ဧဝံဂေလိကျမ်းနှင့် ရှင်ယောဟန် ကျမ်းများ။

မှတ်ချက်။ ။တွဲဘက်ကျမ်း(၉)စောင်၊ ဆာလံကျမ်း၊ ပညာလိမ္မာကျမ်းနှင့် ဆော်လမွန်သီချင်းများပါဝင်မည်မဟုတ်ကြောင်း။
(ပြိုင်ပွဲကျင်းပရေးကော်မတီ)

## "ထာဝရဘုရား အိမ်တော်သို့"

CBCM-OSC၏စီစဉ်မှုဖြင့် မွှစား(Mass) အတွင်းသီဆိုအပ်သော ကက်သလစ်ဓမ္မသီချင်းများကို Choir Cecillian က သီဆိုပေးကာ"ထာဝရဘုရား အိမ်တော်သို့" Music Video ကာရာအိုကေDVD ဖြင့် ညောင်လေးပင်ပွဲအမီ ထုတ်ဝေလိုက်ပြီ။ မြန်မာပြည် အနှံ့အပြားက ကက်သလစ်ဘာသာဝင် အမြောက်အများ ပါဝင်သည်ကို တွေ့မြင်ရသည်.. ညောင်လေးပင်မယ်တော်ပွဲတော်တွင်လည်း ရောင်းချပေး သွားမည်ဖြစ်ပါသည်။

## Trinita Star DVD

မြန်မာပြည်တွင်ပထမဆုံးပြုလုပ်ခဲ့သော နိုင်ငံလုံးဆိုင်ရာ ကက်သလစ်ဓမ္မတေးသီချင်းပြိုင်ပွဲမှ ကက်သလစ်အဆိုရှင်မျိုးဆက်သစ်များ၏ တေးသီချင်း များကို Trinita Stars Live n music Mtv..အဖြစ် ရှုစားအားပေး နိုင်ပါပြီ။

ဆက်သွယ်ရန်နှင့်ဖြန့်ချီရေး hot line 09788211901. သို့ ဆက်သွယ်နိုင် ပါသည်။



## မြန်မာနိုင်ငံလုံးဆိုင်ရာသမ္မာကျမ်းစာပြိုင်ပွဲနှင့်သမ္မာကျမ်းစာတမန်တော်လုပ်ငန်း (၁၀) နှစ်ပြည့်အခမ်းအနား



သမ္မာကျမ်းစာတော်မြတ်ပြိုင်ပွဲနှင့်
သမ္မာကျမ်းစာ တမန်တော်လုပ်ငန်း (၁၀)နှစ်ပြည့်အခမ်းအနားသို့
ကြွရောက်ကြပါရန် လှိုက်လှိုက်လှဲလှဲ ဖိတ်ကြားအပ်ပါသည်။

### အခမ်းအနားအစီအစဉ်

### ၇.၂.၂၀၁၇ (အင်္ဂါနေ့) မှ ၈.၂.၂၀၁၇ (ဗုဒ္ဓဟူးနေ့)အထိ

| | | |
|---|---|---|
| ၆.၂.၂၀၁၇ (တနင်္လာနေ့) | | မြန်မာနိုင်ငံလုံးဆိုင်ရာ အဖွဲ့ဝင်များနှင့် သမ္မာကျမ်းစာ တမန်တော် အဖွဲ့ဝင်များ ရောက်ရှိကြရန်။ |
| ၇.၂.၂၀၁၇ (အင်္ဂါနေ့) | နံနက် (၆း၀၀)နာရီ | မြန်မာနိုင်ငံလုံးဆိုင်ရာ သမ္မာကျမ်းစာပြိုင်ပွဲ မစ္ဆားတရားတော်မြတ်။ |
| | နံနက် (၉း၀၀)နာရီ | မြန်မာနိုင်ငံလုံးဆိုင်ရာ သမ္မာကျမ်းစာပြိုင်ပွဲ။ |
| ၈.၂.၂၀၁၇ (ဗုဒ္ဓဟူးနေ့) | နံနက် (၆း၀၀)နာရီ | မြန်မာနိုင်ငံလုံးဆိုင်ရာ သမ္မာကျမ်းစာတမန်တော်လုပ်ငန်း(၁၀)နှစ်ပြည့်အခမ်းအနား မစ္ဆားတရားတော်မြတ်။ |
| | နံနက် (၇း၀၀)နာရီ | နံနက်စာ စားသုံးခြင်း။ |
| | နံနက် (၈း၀၀)နာရီ | Preparation for talk on "Laudato Si" |
| | နံနက် (၈း၃၀)နာရီ | ဖန်ဆင်းရှင်၏အံ့ဖွယ်လက်ရာတော် (တောင်ကြီးဂိုဏ်းချုပ်ဆရာတော် ဘာစီးလျို အားသိုက်) |
| | နံနက် (၉း၃၀)နာရီ | ကျမ်းစာသရုပ်ဖော်တင်ဆက်ခြင်း။ |
| | နံနက် (၉း၄၅)နာရီ | Break Time |
| | နံနက် (၁၀း၁၅)နာရီ | ရာသီဥတုပြောင်းလဲခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့် အန္တရာယ်ကင်းသော အစားအစာ (မန္တလေးဂိုဏ်းချုပ်ဆရာတော် နီကောလပ်စ် မန်းထန်) |
| | နံနက် (၁၁း၁၅)နာရီ | ကျမ်းစာသရုပ်ဖော်တင်ဆက်ခြင်း။ |
| | နေ့လည် (၁၂း၀၀)နာရီ | Lunch Time |
| | နေ့လည် (၂း၀၀)နာရီ | " Laudato Si" စာချွန်တော်မှ သွန်သင်သော သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ တရားမျှတမှု (ရန်ကုန်ဂိုဏ်းချုပ်လက်ထောက်ဆရာတော် ဂျွန်စောယောဟန်) |
| | နေ့လည် (၃း၀၀)နာရီ | ကျမ်းစာ သရုပ်ဖော်တင်ဆက်ခြင်း။ |
| | နေ့လည် (၃း၁၅)နာရီ | Break Time |
| | နေ့လည် (၃း၃၀)နာရီ | "Laudato Si" စာချွန်တော်မှ သွန်သင်သော စီးပွားရေးဆိုင်ရာ တရား မျှတမှု (ရန်ကုန်ဂိုဏ်းချုပ်ကာဒီနယ် ချားလ်စ်ဘို) |
| | ညနေ (၄း၃၀)နာရီ | ကျမ်းစာသရုပ်ဖော်တင်ဆက်ခြင်း။ |
| | ညနေ (၅း၀၀)နာရီ | အခမ်းအနား ပြီးဆုံးခြင်း။ |

ကျမ်းစာပြိုင်ပွဲပြုလုပ်မည့်နေရာ၊ ညောင်လေးပင်မြို့။

## ညောင်လေးပင်မယ်တော်ပွဲတော်

*ဖေဖော်ဝါရီလ (၃) ရက်နေ့။
ပွဲတော်ဖွင့်ပွဲနှင့် အလံတင်ခြင်းအခမ်းအနား ဖြင့်စတင်ပါမည်။

မှတ်ချက်။ ။ဘုရားပစ္စည်းဆိုင်ခန်းများကို မဲနှိက်ပါမည်။ မြန်မာပြည်ရှိ ကက်သလစ် သာသနာမှ သာသနာတိုင်းမှ သီလရှင်၊ လူကြီး၊ လူငယ်များ လာရောက် မဲနှိက်ကြပါရန် ဖိတ်ခေါ်အပ်ပါ သည်။

*ဖေဖော်ဝါရီလ (၁၀) ရက်နေ့။ နံနက် (၆း၃၀) နာရီ။ ရဟန်းသိက္ခာတင်ပွဲအခမ်းအနား။

*ဖေဖော်ဝါရီလ (၁၁) ရက်နေ့။ ည (၁၀း၃၀) နာရီ။ (၁၁၅)ကြိမ်မြောက်လူဒ်မယ်တော်သခင်မ ပွဲတော် ကျေးဇူး တင်မစ္ဆားတရားတော်မြတ်ကြီး။





ညောင်လေးပင်မယ်တော်ကျောင်းဝင်းတွင်တည်ရှိသော ပြည်သူပိုင်သိမ်းခံခဲ့ရသည့် ကျောင်းလေးပါ။ အခုတော့ နိုင်ငံတော်အစိုးရက ကက်သလစ်သာသနာတော်သို့ အပြီးအပိုင်ပြန်လည် လွှဲအပ်ပြီး ဖြစ်ပါသည်။ လာမည့် ညောင်လေးပင်မယ်တော်ပွဲတော်မှာ ဘုရားဖူးများကို ထိုကျောင်းဝင်းတွင် တည်းခိုရန် နေရာများကိုပြင်ဆင်နေပါပြီ။ (CBCM-osc)



ကျမ်းစာပြိုင်ပွဲ.. . .စာ(၁၅)

လူသားချင်းစာနာထောက်ထားမှု ... . စာ (၁၂)









ကက်သလစ်မေသီချင်း အခွေထွက်ပြီ







ဆပဖြေခြင်းသီလရှင်များ.....စာ(၁၇)

**သင်၏လက်ကိုင်ဖုန်းထဲသို့(RVA)အာရှသမ္မာတရားလေလှိုင်းအသံများကို Mobile ဖြင့် (၂၄)နာရီနားဆင်နိုင်ပါပြီ။**




**http://myanmar.rveritas-asia.org/** **အချိန်အခါမရွေး၊ နေရာမရွေး RVA - Mobile - သုံးကြစို့**